# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်က တည်ထောင်သည်၊ Established in 1914
Myanma Alinn Daily


**အလွန်ကဲဆုံးချမ်းသာ**

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)


၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက် | ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်၊ သောကြာနေ့ | အတွဲ(၆၆)၊ အမှတ်(၀၁၆)


## NCA (၁၁) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် က Video Message ဖြင့် ပြောကြားသည့် အဖွင့်မိန့်ခွန်း

## သဘောထားကွဲလွဲမှုတွေကို လက်နက်ကိုင်နည်းလမ်းနဲ့ ဖြေရှင်းမယ့်အစား နိုင်ငံနဲ့ပြည်သူ့အကျိုးကိုရှေးရှုပြီး တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာ

( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် )

**ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျာ**

ဒီကနေ့ဟာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ကို နိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကြား ချုပ်ဆိုနိုင်ခဲ့တာ (၁၁) နှစ်မြောက်တဲ့၊ မင်္ဂလာရှိတဲ့နေ့ပဲ ဖြစ်ပါတယ်။ အခုလို အချိန်အခါသမယမှာ သဘောတူစာချုပ် စတင်လက်မှတ်ရေးထိုးချိန်က ပါဝင်ခဲ့ကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးမှ တိုင်းရင်းသားခေါင်းဆောင်များ၊ နိုင်ငံတကာ အသိသက်သေများ၊ ပြည်တွင်းအသိသက်သေများ၊ ပြည်ထောင်စုကြီးအတွင်းမှာရှိကြတဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ယနေ့ကျရောက်တဲ့ NCA (၁၁) နှစ်မြောက် နှစ်ပတ်လည်နေ့ဟာ နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံးရဲ့ အနာဂတ်ငြိမ်းချမ်းရေးလမ်းကြောင်းအတွက် အရေးပါတဲ့ သမိုင်းဝင်မှတ်တိုင်တစ်ခု ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေဟာ အခက်အခဲနဲ့ စိန်ခေါ်မှုများစွာကို ကျော်ဖြတ်ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ကို စတင်လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါတယ်။ **NCA ဟာ သာမန်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မျှသာမဟုတ်ဘဲ နှစ်ပေါင်း ၇၀ ကျော်ကြာ ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေကို နိုင်ငံရေးနည်းလမ်းနဲ့ အဖြေရှာဖို့ သဘောတူညီခဲ့ကြတဲ့ သမိုင်းဝင်နိုင်ငံရေးကတိကဝတ်တစ်ရပ်လည်းဖြစ်ပါတယ်။**

အတိတ်က အတွေ့အကြုံတွေအရ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေဟာ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူတွေအတွက် ဆုံးရှုံးနစ်နာမှုတွေကိုသာ ဖြစ်ပေါ်စေခဲ့ပြီး ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုစီးပွားဘဝတွေကိုလည်း ထိခိုက်စေခဲ့ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ နိုင်ငံရဲ့ သမိုင်းကို ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင်လည်း အမျိုးသားစည်းလုံးညီညွတ်မှုအားနည်းခြင်းဟာ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ကြီးမားတဲ့ စိန်ခေါ်မှုတစ်ရပ်ဖြစ်ခဲ့တာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။


*စာမျက်နှာ ၃ ကော်လံ ၁* ❑



**ယနေ့ ဖတ်စရာ**

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေဖြင့် ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ လုပ်ခ၊ လစာငွေများကို ၎င်းတို့၏ မိသားစုများထံသို့ လွှဲပို့နိုင်ရေးအတွက် နည်းလမ်း ၂ မျိုးဖြင့် ဆောင်ရွက်လျက်ရှိ**

လွှတ်တော်ရေးရာ ➤ ၈

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို လွှတ်တော်က သဘောတူသဖြင့် ပြင်ဆင်ထားသည့်အတိုင်း အတည်ပြု**

လွှတ်တော်ရေးရာ ➤ ၉


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၁၁)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များက လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ NCA (၁၁) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် NCA လက်မှတ်ရေးထိုးရာတွင် ပါဝင်ခဲ့သော ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုးနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များက ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ ရုံးတော်၊ ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ကိုထိုက် တို့ တက်ရောက်ကြပြီး NCA (၁၁)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် NCA လက်မှတ်ရေးထိုးရာတွင် ပါဝင်ခဲ့သော ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုး၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဥက္ကဋ္ဌ စောမြရာဇာလင်း၊


*စာမျက်နှာ ၄ ကော်လံ ၁* ❍




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုး အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။




❑ *ရှေ့ဖုံးမှ*

ယနေ့အချိန်မှာလည်း နိုင်ငံတော်အနေနဲ့ အခက်အခဲနဲ့ စိန်ခေါ်မှုတွေကြားက ပြည်သူ့ဆန္ဒနဲ့အညီ ရွေးကောက်ပွဲကျင်းပပြီး ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့ပြီးလည်းဖြစ်ပါတယ်။ ရှေ့ဆက်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိအောင် အားလုံးပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျာ**

NCA စာချုပ်ဟာ နိုင်ငံတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကြားမှာ လိုက်လျောမှု၊ သဘောထားကြီးမှု၊ စိတ်ရှည်သည်းခံမှုနဲ့ ငြိမ်းချမ်းရေးလိုလားမှုတွေကို ဖော်ပြထားတဲ့ သမိုင်းဝင်သဘောတူညီချက်တစ်ရပ် ဖြစ်ပါတယ်။ ဒီစာချုပ်ဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အခြေခံအုတ်မြစ်ဖြစ်သလို ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးအတွက်လည်း အရေးပါတဲ့ နိုင်ငံရေးမူဘောင်တစ်ခုလည်း ဖြစ်ပါတယ်။

NCA စာချုပ်ကို တစ်ဦးတစ်ဖွဲ့တည်းက ရေးဆွဲခဲ့တာမဟုတ်ဘဲ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ ကနဦးအဆိုပြုချက်တွေအပေါ် အခြေခံပြီး အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေ အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းကာ သဘောတူရေးဆွဲခဲ့ကြတာ ဖြစ်ပါတယ်။ **ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ စတင်ဖိတ်ခေါ်တဲ့နေ့ကစပြီး NCA ရရှိခဲ့တဲ့အထိ ရက်ပေါင်း ၁,၄၅၀ အတွင်း အစည်းအဝေးနဲ့ တွေ့ဆုံညှိနှိုင်းမှု အကြိမ်ရေ ၅,၀၀၀ ကျော် ပြုလုပ်ခဲ့ကြတဲ့ ရလဒ်လည်း ဖြစ်**ပါတယ်။

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ KNU ၊ DKBA ၊ KNU/KNLA–PC ၊ CNF ၊ PNLO ၊ ABSDF ၊ ALP နဲ့ RCSS စတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၈ ဖွဲ့က NCA ကို စတင်လက်မှတ်ရေးထိုးခဲ့ကြတာ ဖြစ်ပါတယ်။ **အဲဒီအခမ်းအနားကို ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်နဲ့ ထိုင်းနိုင်ငံတို့မှ သံတမန်တွေ၊ ပြည်တွင်းအသိသက်သေတွေ ရှေ့မှောက်မှာ ကျင်းပခဲ့ပြီး ပြည်ထောင်စုလွှတ်တော်ကလည်း အတည်ပြုပေးခဲ့**ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ LDU နဲ့ NMSP တို့ ထပ်မံလက်မှတ် ရေးထိုးခဲ့ကြတဲ့အတွက် NCA မှာ ပါဝင်လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့အစည်း ၁၀ ဖွဲ့အထိ ရှိလာခဲ့ပါတယ်။

NCA ရဲ့ အနှစ်သာရကတော့ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှုနဲ့ တရားမျှတမှုတို့ကို အခြေခံပြီးတော့မှ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနဲ့အညီ တည်ဆောက်ဖို့ပဲဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်သူအားလုံးအနေနဲ့ ရှိပြီးသား ကတိကဝတ်တွေကို အလေးထားလိုက်နာပြီး ပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

**NCA ဟာ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် တစ်ခုသာ မဟုတ်ဘဲ လက်နက်ကိုင်ပဋိပက္ခတွေ အဆုံးသတ်ရေး၊ နိုင်ငံရေး ဆွေးနွေးပွဲတွေ ကျင်းပရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် နိုင်ငံရေးနည်းလမ်းနဲ့ အဖြေရှာဖို့ ချမှတ်ထားတဲ့ လုပ်ငန်းမူဘောင်လည်း ဖြစ်**ပါတယ်။ ဒါကြောင့် ရှိပြီးသား NCA သဘောတူညီချက်တွေကနေ သွေဖည်ခြင်းမရှိဘဲ NCA လမ်းကြောင်းကို ဆက်လက်အကောင်အထည်ဖော်သွားကြဖို့ လိုအပ်ပါတယ်။ ဘယ်လောက်ပဲကြီးမားတဲ့ပြဿနာတွေဖြစ်ပါစေ တွေ့ဆုံဆွေးနွေး ညှိနှိုင်းခြင်းဖြင့် အဖြေရှာနိုင်မယ်ဆိုရင် ပဋိပက္ခတွေကို လျှော့ချနိုင်မှာလည်း ဖြစ်ပါတယ်။ သဘောထားကွဲလွဲမှု၊ သံသယနဲ့ မယုံကြည်မှုတွေ ရှိနေရင်တောင် ဒီမိုကရေစီနည်းလမ်းဖြစ်တဲ့ တွေ့ဆုံညှိနှိုင်းမှုကို လက်ခံကျင့်သုံးကြမယ်ဆိုရင် အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မယ်လို့ ယုံကြည်ပါတယ်။

**တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျာ**

ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်နိုင်ဖို့ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ ညှိနှိုင်းရေးကော်မတီတို့ကို ပြင်ဆင်ဖွဲ့စည်းထားပြီး ငြိမ်းချမ်းရေး မူဝါဒ ၆ ရပ်ကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် **ဗဟိုကော်မတီရဲ့ ကြေညာချက်အမှတ် ၁/၂၀၂၆ ကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်အေးချမ်းရေးအတွက် ကြိုတင်ကန့်သတ်ချက်မထားတဲ့ ဆွေးနွေးပွဲတွေ ကျင်းပနိုင်ဖို့ ဖိတ်ခေါ်ထား**ပါတယ်။ NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့အစည်းတွေသာမက လက်မှတ်မရေးထိုးရသေးတဲ့ အဖွဲ့အစည်းတွေကိုလည်း တွေ့ဆုံဆွေးနွေးဖို့ ဖိတ်ခေါ်ထားပြီး ဖြစ်ပါတယ်။ အထူးသဖြင့် **လွန်ခဲ့တဲ့ငါးနှစ်အတွင်း တွေ့ဆုံဆွေးနွေးမှုမပြုလုပ်ခဲ့တဲ့ KNU ၊ CNF နဲ့ ABSDF အဖွဲ့တို့ကို**လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ ပါဝင်ကြဖို့ ထပ်မံဖိတ်ခေါ်လိုပါတယ်။



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် NCA (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် Video Message ဖြင့် အဖွင့်မိန့်ခွန်းပြောကြားစဉ်။

> ❖ **NCA ဟာ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် တစ်ခုသာမဟုတ်ဘဲ လက်နက်ကိုင်ပဋိပက္ခတွေ အဆုံးသတ်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် နိုင်ငံရေးနည်းလမ်းနဲ့ အဖြေရှာဖို့ ချမှတ်ထားတဲ့ လုပ်ငန်းမူဘောင်လည်းဖြစ်**
>
> ❖ **ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး မိမိတို့ဖြစ်ချင်တာတွေကိုသာ ဦးစားပေးတောင်းဆိုနေမယ့်အစား ဖြစ်သင့်ဖြစ်ထိုက်တာနဲ့ ဖြစ်နိုင်တာတွေကို တွေ့ဆုံဆွေးနွေးအဖြေရှာပြီး ပူးပေါင်းဆောင်ရွက်**

အလားတူ **PDF အမည်ခံအဖွဲ့များအနေနဲ့**လည်း နိုင်ငံနဲ့ ပြည်သူတွေရဲ့ **အကျိုးစီးပွားကို ရှေးရှုပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြဖို့ တိုက်တွန်းလို**ပါတယ်။ ဒီမိုကရေစီကို လိုချင်တယ်ဆိုရင် စည်းကမ်းရှိတဲ့ ဒီမိုကရေစီ၊ အကြမ်းမဖက်တဲ့ လုပ်ရပ်များနဲ့သာ သွားရမှာဖြစ်ပါတယ်။ စဉ်းစားဆင်ခြင်ပြီး လုပ်ကြစေလိုပါတယ်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ထိရောက်စွာ ဆောင်ရွက်နိုင်မှာ မဟုတ်ပါဘူး။ ရှေ့ကဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်ဆောင်နေပေမယ့် နောက်ကအဖျက်လုပ်ငန်းတွေ ဆက်လက်ဖြစ်ပွားနေမယ်ဆိုရင် **“သမင်မွေးရင်း၊ ကျားစားရင်း”** ဆိုသလို ရည်မှန်းချက်တွေ အကောင်အထည်ပေါ်လာမှာ မဟုတ်ပါဘူး။ ဒါကြောင့် **ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး မိမိတို့ဖြစ်ချင်တာတွေကိုသာ ဦးစားပေးတောင်းဆိုနေမယ့်အစား ဖြစ်သင့်ဖြစ်ထိုက်တာနဲ့ ဖြစ်နိုင်တာတွေကို တွေ့ဆုံဆွေးနွေးအဖြေရှာပြီး ပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းလို**ပါတယ်။

ယခင်ကာလတွေမှာလည်း NCA နှစ်ပတ်လည်နေ့ အခမ်းအနားတွေ၊ ငြိမ်းချမ်းရေးစကားဝိုင်းတွေ၊ ငြိမ်းချမ်းရေးဖိုရမ်တွေနဲ့ လူငယ်ငြိမ်းချမ်းရေးဖိုရမ်တွေကို ကျင်းပခဲ့ပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအချို့၊ နိုင်ငံရေးပါတီများနဲ့ တွေ့ဆုံညှိနှိုင်း သဘောတူညီချက်တွေ ရရှိခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြင်ဆင်ဖြည့်စွက်သင့်တဲ့ အချက် ၄၃ ချက်အပြင် ယခင်အစိုးရနှစ်ဆက်လက်ထက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ ဆွေးနွေးသဘောတူခဲ့တဲ့ ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း ၁၊ ၂ နဲ့ ၃ တို့လည်း ရှိပါတယ်။ အဲဒီသဘောတူညီချက်တွေကို ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးအတည်ပြုပြီး အပိုင်းလိုက် အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

NCA မှာ လက်မှတ်ရေးထိုးဖို့ကျန်ရှိနေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကိုလည်း ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆက်လက်ဖိတ်ခေါ်ညှိနှိုင်းသွားမှာလည်း ဖြစ်ပါတယ်။ တိုင်းရင်းသားအားလုံး ဒီမိုကရေစီအခွင့်အရေးတွေကို ပြည့်ပြည့်ဝဝခံစားနိုင်ရေးနဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် အတူတကွ လျှောက်လှမ်းနိုင်ရေးဟာ အရေးကြီးပါတယ်။

**တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျာ**

ကျွန်တော်တို့အစိုးရအနေနဲ့ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနဲ့ ဒီမိုကရေစီ၊ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ **ဒီမိုကရေစီစနစ်မှာ အများဆန္ဒကို လေးစားရသလို လူနည်းစုရဲ့ဆန္ဒနဲ့ အခွင့်အရေးတွေကိုလည်း အလေးထားဖို့** လိုအပ်ပါတယ်။ မိမိနဲ့ သဘောထားမတူညီသူတွေကို ရန်သူအဖြစ်သတ်မှတ်တာ၊ ခွဲခြားဆက်ဆံတာနဲ့ လူ့အသိုင်းအဝိုင်းက ဖယ်ကြဉ်တာတို့ဟာ ဒီမိုကရေစီစနစ်နဲ့ မကိုက်ညီပါဘူး။ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုနဲ့ ခွဲခြားဆက်ဆံမှုတွေကို ရှောင်ရှားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးကို ထိန်းသိမ်းကြဖို့ လိုအပ်ပါတယ်။

**ဖက်ဒရယ်စနစ်ဆိုတာ မတူကွဲပြားတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေနဲ့ လူမျိုးစုတွေ စုစည်းနေထိုင်ကြတဲ့ ပြည်ထောင်စုအတွင်း အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနဲ့ တရားစီရင်ရေးအာဏာတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ခွဲဝေကျင့်သုံးခြင်းဖြစ်**ပါတယ်။ ဒီလိုအာဏာခွဲဝေမှုကတစ်ဆင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ဥပဒေပြုခွင့်နဲ့ ကိုယ်ပိုင်တရားစီရင်ခွင့်တို့ကို အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ လူမျိုးပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ ရောယှက်နေထိုင်ကြတာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် အမည်နာမအားဖြင့် သတ်မှတ်ထားတဲ့ ရှမ်းပြည်နယ်မှာ ရှမ်းလူမျိုး ၃၅ ရာခိုင်နှုန်းကျော်သာရှိပြီး ကချင်ပြည်နယ်မှာလည်း ကချင်လူမျိုး ၃၉ ရာခိုင်နှုန်းသာရှိတယ်လို့ ဖော်ပြထားပါတယ်။ ဒါကြောင့် **ပြည်နယ်တစ်ခုဟာ လူမျိုးတစ်မျိုးတည်းရဲ့ ပိုင်ဆိုင်မှုမဟုတ်ဘဲ အဲဒီဒေသမှာ နေထိုင်ကြတဲ့ လူမျိုးအားလုံးရဲ့ ပိုင်ဆိုင်မှုဖြစ်တယ်ဆိုတဲ့ သဘောထားကို အလေးထားဖို့**လိုပါတယ်။ ဒေသအတွင်း **နေထိုင်သူအားလုံးကို ကိုယ်စားပြုနိုင်မယ့် ပြည်နယ်အမည်သတ်မှတ်ရေးနဲ့ပတ်သက်ပြီးလည်း အမျိုးသားစည်းလုံး ညီညွတ်ရေးကိုရှေးရှုပြီး အားလုံးဝိုင်းဝန်း စဉ်းစားအဖြေရှာကြဖို့ တိုက်တွန်းလို**ပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ **၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါရှိတဲ့ ဖက်ဒရယ်ဆိုင်ရာ ပြဋ္ဌာန်းချက်တွေကို ထိရောက်စွာ အကောင်အထည်ဖော်သွားမှာဖြစ်**ပါတယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားပြည်သူများနဲ့ အဖွဲ့အစည်းအားလုံး အကျိုးတူပူးပေါင်းပါဝင်ကြဖို့ လိုအပ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျာ**

လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ တွေ့ဆုံဆွေးနွေးမှုတွေကို အပိုင်း ၄ ပိုင်းခွဲပြီး ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက် ရှိပါတယ်။ အလွတ်သဘောနဲ့ တရားဝင်ဆွေးနွေးမှုတွေကို လိုအပ်သလို ပြုလုပ်သွားမှာဖြစ်ပြီး **ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာစေရေးအတွက် Bilateral ဆွေးနွေးပွဲတွေကိုလည်း ဆက်လက်ကျင်းပသွားမှာဖြစ်**ပါတယ်။ ထို့အပြင် NCA အရ တရားဝင်အစည်းအဝေးများနဲ့ ငြိမ်းချမ်းရေး ညီလာခံကျင်းပနိုင်ရေးအထိ ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးအတွက် အဓိကလိုအပ်တဲ့ လုပ်ငန်းစဉ်တွေကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး၊ တွေ့ဆုံဆွေးနွေးအဖြေရှာတဲ့ **ဒီမိုကရေစီယဉ်ကျေးမှုကို ကျင့်သုံးရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး မဟာဗျူဟာတွေ ချမှတ်ရေး၊ ငြိမ်းချမ်းရေးနဲ့အတူ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေး**နဲ့ လူ့အဖွဲ့အစည်းအတွင်း ကွဲပြားမှုဖြစ်စေတဲ့ အကြောင်းအရာတွေကို သုတေသနပြုပြီး ကာကွယ်တားဆီးရေးတို့ပဲ ဖြစ်ပါတယ်။

ဒီလုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ရာမှာ လုပ်ငန်းကော်မတီက လိုအပ်တဲ့အချိန်ဇယားနဲ့ မဟာဗျူဟာတွေ ချမှတ်ပေးပြီး ညှိနှိုင်းရေးကော်မတီက လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာ တိုက်ရိုက်ဆက်စပ်နေတဲ့အတွက် ဟန်ချက်ညီညီ ဆောင်ရွက်ကြဖို့လည်း လိုအပ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျာ**

ကျွန်တော်တို့ အစိုးရသစ်ရဲ့ ရက်ပေါင်း ၁၀၀ ကာလအတွင်းမှာလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။ NCA လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေ၊ လက်မှတ်ရေးထိုးပြီး တွေ့ဆုံဆွေးနွေးမှု မပြုလုပ်ရသေးတဲ့အဖွဲ့တွေ၊ လက်မှတ်မရေးထိုးရသေးတဲ့ အဖွဲ့တွေကို တွေ့ဆုံဆွေးနွေးဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။

*စာမျက်နှာ ၄ သို့*


နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

○ *ရှေ့ဖုံးမှ*

ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) စစ်ဦးစီးချုပ် စောရွှေဝါ၊ လားဟူ ဒီမိုကရက်တစ်အစည်းအရုံး (LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်၊ မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် နိုင်အောင်မငေး၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး စဝ်စိုင်းငင်း၊ ကရင်အမျိုးသားအစည်းအရုံး/ ကရင် အမျိုးသားလွတ်မြောက်ရေးတပ်မတော် –ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA–PC) အတွင်းရေးမှူး(၁) စောကျော်ညွန့်၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဗဟိုကော်မတီဝင် စဝ်နော်လိတ်၊ ရှမ်းနီအမျိုးသားများ ညီညွတ်ရေးကောင်စီဥက္ကဋ္ဌ စဝ်ဆေခွန်းအောင်တို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက ကရင်တိုင်းရင်းသား ခေါင်းဆောင် စောမူတူးစေးဖိုးနှင့် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပြောကြားရာတွင် ယခုကဲ့သို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၁) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များအား တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ကြောင်းနှင့် ကြိုဆိုပါကြောင်း၊ မိမိတို့အနေဖြင့် ယခင်မိမိတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်စဉ်မှစ၍ ရင်းရင်းနှီးနှီးရှိခဲ့ကြသူများဖြစ်ပြီး ထိုအချိန်မှစတင်၍ တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့ကြောင်း။

လက်ရှိအချိန်တွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲမှတစ်ဆင့် ထွက်ပေါ်လာသည့် လွှတ်တော်နှင့် ရွေးကောက်ခံအစိုးရတို့က နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို လိုလားကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် သဘောတူလက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ တပ်မတော်နှင့် နိုင်ငံရေးအစုအဖွဲ့များ ဆွေးနွေးထားသည့် သဘောတူညီချက် ၄၃ ချက်ကိုလည်း လွှတ်တော်တွင် ဆက်လက်ဆွေးနွေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဒီမိုကရေစီ ဒုတိယအစိုးရသက်တမ်းကာလ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ဆွေးနွေးသဘောတူခဲ့သည့် ပြည်ထောင်စုသဘောတူညီချက် (Union Accord) အပိုင်း ၁၊ ၂ နှင့် ၃ တို့နှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် လွှတ်တော်တွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ယနေ့တွင် NCA လက်မှတ်ရေးထိုးခြင်း (၁၁) နှစ်မြောက် နှစ်ပတ်လည်နေ့အစည်းအဝေးကို ကျင်းပနိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ ကျင်းပနိုင်ခဲ့မှုအပေါ်လည်း မိမိအနေဖြင့်လှိုက်လှိုက်လှဲလှဲဖြင့်ဝမ်းမြောက်ပါကြောင်း၊ မိမိတို့နိုင်ငံ အမှန်တကယ်ငြိမ်းချမ်းရေးရရှိရန်လိုအပ်ကြောင်း၊ သို့မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

မိမိအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ အိန္ဒိယ၊ တရုတ်၊ ရုရှား၊ ဘယ်လာရုစ်နိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ၉ နိုင်ငံသို့ ယင်းနိုင်ငံများမှ အကြီးအကဲများ၏ ဖိတ်ကြားချက်များအရ နိုင်ငံတော်အဆင့်ခရီးစဉ်များ သွားရောက်ခဲ့ကြောင်း၊ ထိုသို့သွားရောက်ချိန်တွင် အဆိုပါနိုင်ငံများ၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့မြင်ခဲ့ရကြောင်း၊ ၎င်းတို့အနက် ဗီယက်နမ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ယခင်က ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများရှိခဲ့သော်လည်း ယင်းပဋိပက္ခများချုပ်ငြိမ်းအောင် ဆောင်ရွက်နိုင်ခဲ့ကြပြီးနောက် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် အခက်အခဲများအကြားမှ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခုအခါတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများဖြစ်လာနေသည်ကို မိမိတို့အနေဖြင့် သင်ခန်းစာယူဖွယ်တွေ့မြင်ရကြောင်း၊ မိမိတို့နိုင်ငံကိုလည်း တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေလိုကြောင်း၊ ထို့ကြောင့် ၎င်းတို့၏တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာမှုများကိုအတုယူ၍ ဆောင်ရွက်သွားကြမည်ဆိုပါက မိမိတို့နိုင်ငံအနေဖြင့်လည်း တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲမသွေဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ဒီမိုကရေစီပထမအစိုးရသက်တမ်းကာလတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲကိုကျင်းပပြုလုပ်ခဲ့ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးနိုင်ရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးရန် စတင်ဖိတ်ခေါ်ခဲ့သည့်နေ့မှစ၍ လက်မှတ်ရေးထိုးသည်အထိ ၄ နှစ်ကျော်ကာလအတွင်း တွေ့ဆုံညှိနှိုင်းမှုအကြိမ်ရေ ၅၀၀၀ ကျော်အထိရှိခဲ့ကြောင်း၊ မိမိတို့အစိုးရတာဝန်ယူချိန် ၅ နှစ်အတွင်း ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သွားမည်ဟု မိမိအနေဖြင့် လွှတ်တော်၌ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ လက်တွဲဆောင်ရွက်၍ရသည့်သူများဖြင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပြီး လက်တွဲဆောင်ရွက်၍ မရသူများကိုလည်း မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်သွားမည်ကို


နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များအား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

နည်းလမ်းရှာဖွေဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖြစ်ချင်သည်များကို ပြောကြားနေမည့်အစား ဖြစ်နိုင်သည်နှင့်ဖြစ်သင့်သည်များကို ပြောကြားရန် မိမိအနေဖြင့် ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ယခုတက်ရောက်လာကြသူများသည် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များဖြစ်ကြပြီး မိမိအနေဖြင့် အသိအမှတ်ပြုလေးစားကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မဖြစ်မနေလိုအပ်လျက်ရှိသည့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြီးပြတ်အောင်ဆောင်ရွက်နိုင်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ သို့မှသာ နိုင်ငံပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ပြီး မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးကိုရှေးရှု၍ ယနေ့တွင်ကျရောက်သည့် NCA(၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်သည့်အတွက် ဝမ်းမြောက်ကြောင်းနှင့် တစ်ဦးတစ်ဖွဲ့ချင်းစီအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ်ခေါင်းဆောင်များက ယခုကဲ့သို့ NCA (၁၁)နှစ်မြောက်အခါသမယတွင် နိုင်ငံတော်သမ္မတကြီးနှင့် တွေ့ဆုံရသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်သည့် အခြေအနေများနှင့် NCA လက်မှတ်ရေးထိုးမှုမှစတင်ခဲ့သည့်လမ်းကြောင်းအတိုင်း ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ ငြိမ်းချမ်းမှုရရှိရေးသည် နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်နေသည့် ကိစ္စရပ်ဖြစ်ပြီး ငြိမ်းချမ်းမှုရရှိမှသာလျှင် ဖွံ့ဖြိုးတိုးတက်မှုများသည်လည်း ဖြစ်ပေါ်လာမည်ဖြစ်သည့် အခြေအနေများ၊ ပြည်သူလူထုများအနေဖြင့်လည်း ငြိမ်းချမ်းရေးကိုဗန်းပြ၍ လက်နက်ကိုင်ကာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေကြသည်ကို တစ်စတစ်စ မျက်ဝါးထင်ထင် တွေ့မြင်သိရှိနားလည်သဘောပေါက်လာကြပြီး လက်နက်ကိုင်လမ်းစဉ်ကို

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၃ မှ*

သက်ဆိုင်ရာကော်မတီတွေကလည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံပြီး ငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးနဲ့ မြေပြင်လိုအပ်ချက်တွေအပေါ် အခြေခံကာ ညှိနှိုင်းဆောင်ရွက်ခဲ့ကြပါတယ်။

ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးကြိုးပမ်းမှုဟာ ရေတိုအတွက်သာ မဟုတ်ပါဘူး။ သားစဉ်မြေးဆက် လူငယ်တွေအတွက် တည်ငြိမ်တဲ့ အနာဂတ်၊ ဖွံ့ဖြိုးတိုးတက်တဲ့ လူ့အဖွဲ့အစည်းနဲ့ ကမ္ဘာ့အဆင့်မီနိုင်ငံတစ်ခုကို လက်ဆင့်ကမ်းအမွေပေးနိုင်ဖို့ အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျာ**

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ကျွန်တော်တို့နိုင်ငံတော်ရဲ့ အနာဂတ်ဟာ တိုင်းရင်းသားအားလုံးရဲ့ အနာဂတ်ပဲ ဖြစ်ပါတယ်။ အတိတ်ကဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို သင်ခန်းစာယူပြီး **အနာဂတ်မျိုးဆက်သစ်တွေအတွက် တည်ငြိမ်အေးချမ်းဖို့နဲ့ ဖွံ့ဖြိုးတိုးတက်ဖို့၊ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်ဖို့တို့ကို အမွေအနှစ်အဖြစ် ပေးအပ်နိုင်ဖို့ အားလုံးမှာ တာဝန်ရှိ**ပါတယ်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနဲ့ ပြည်သူအားလုံးအနေနဲ့ **သဘောထားကွဲလွဲမှုတွေကို လက်နက်ကိုင်နည်းလမ်းနဲ့ ဖြေရှင်းမယ့်အစား နိုင်ငံနဲ့ပြည်သူ့အကျိုးကို ရှေးရှုပြီး တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာကြဖို့ တိုက်တွန်းလို**ပါတယ်။ ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာကို ခွဲခြားစဉ်းစားပြီး ဖြစ်နိုင်တာတွေကို အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ကြမှသာ ရှေ့ကိုတက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။

အားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နဲ့ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် တည်ငြိမ်အေးချမ်းမှုနဲ့အတူ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တစ်ရပ်ကို တည်ဆောက်နိုင်မှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးကိုလိုလားတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနဲ့ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကို နိုင်ငံတော်အစိုးရရဲ့ ငြိမ်းချမ်းရေးကြိုးပမ်းမှုတွေမှာ ပူးပေါင်းပါဝင်ကြဖို့ လှိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါတယ်။

NCA (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့မှသည် နိုင်ငံတော်တစ်ဝန်း ထာဝရငြိမ်းချမ်းရေးရရှိပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါတယ်။

*စာမျက်နှာ ၄ မှ*
တိုင်းရင်းသားပြည်သူလူထုက ထောက်ခံမှုမရှိကြတော့သည့်အခြေအနေများ၊ လက်ရှိနိုင်ငံတော်အစိုးရမှရှေ့ဆောင်၍ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း အမှန်တကယ်ငြိမ်းချမ်းမှုကိုလိုလားကြသည်ဆိုပါက တွေ့ဆုံဆွေးနွေးမှုများကို လာရောက်ဆောင်ရွက်ကြရန် လိုအပ်သည့်အခြေအနေများ၊ တိုင်းရင်းသားဒေသများ၌ ငြိမ်းချမ်းရေးရရှိလိုသူများနှင့် တိုက်ပွဲဖော်ဆောင်လိုကြသူများဟူ၍ နှစ်ပိုင်းကွဲနေမှုများလည်းရှိနေကြပြီး မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးကိုလိုလားပြီး အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်လိုသည့် ပြည်သူများနှင့် အတူတကွပူးပေါင်းပြီး ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများနှင့်ပတ်သက်၍ အသီးသီးဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ပြန်လည်ပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာဖြစ်အောင် ဆောင်ရွက်ရန်နှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဆောင်ရွက်သွားရန်တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည်လည်း ပါဝင်လာရမည်ဖြစ်ပြီး ဖြစ်လိုသည်များထက် ဖြစ်သင့်ဖြစ်ထိုက်သည်များကို တောင်းဆိုသွားကြရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆောင်ရွက်နိုင်ရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိရန်နှင့် ပညာတတ်များပေါ်ကြွယ်ဝရန် အဓိကလိုအပ်ကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရာတွင် အဆင့်မြင့်ပညာအရည်အချင်းနှင့် အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်သည့်ပညာရှင်များစွာကို လိုအပ်ကြောင်း၊ အတန်းပညာမြင့်မားလာသည်နှင့်အမျှ စာပေများဖတ်ရှုလာနိုင်ပြီး စာဖတ်မှုသာလျှင် အသိပညာဗဟုသုတနှင့် စဉ်းစားဆင်ခြင်နိုင်စွမ်း၊ ဝေဖန်ပိုင်းခြားနိုင်စွမ်းတို့ တိုးတက်လာမည်ဖြစ်ကြောင်း၊ စဉ်စားဆင်ခြင်ဉာဏ်ရှိသူများအနေဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးကို လိုလားကြပြီး စဉ်းစားဆင်ခြင်ဉာဏ်မရှိသူများအနေဖြင့် လက်နက်ကိုင်အကြမ်းဖက်သည့် လမ်းစဉ်ဖြင့် အကြမ်းဖက်မှုများကို လုပ်ဆောင်ကာ မိမိတို့ဒေသ၊ လူမျိုးဖွံ့ဖြိုးတိုးတက်ရေးကို ဖျက်ဆီးနေကြကြောင်း၊ နိုင်ငံ့အနာဂတ်အတွက် အရေးကြီးသည့် ပညာရေးအခြေခံ အဆောက်အအုံများကိုလည်း ဖျက်ဆီးခဲ့ကြသဖြင့် အချို့သောဒေသများတွင် ကျောင်းများ ပိတ်ထားကြရကြောင်း၊ ပညာတတ်များ ပေါ်ကြွယ်မှသာလျှင် ဒေသ၏ လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဒေသအလိုက် ပညာတတ်များ များပြားလာအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ခိုင်ခိုင်မာမာဖြစ်စေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၁) နှစ်မြောက် အခမ်းအနားသို့ ပေးပို့ပြောကြားခဲ့သည့် မိန့်ခွန်းတွင်လည်း မိမိတို့နိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူမျိုးပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ ရောယှက်နေထိုင်ကြပြီး ဥပမာအားဖြင့် ရှမ်းပြည်နယ်တွင် ရှမ်းလူမျိုး ၃၅ ရာခိုင်နှုန်းကျော်သာ နေထိုင်လျက်ရှိပြီး ကချင်ပြည်နယ်တွင်လည်း ကချင်လူမျိုး ၃၉ ရာခိုင်နှုန်းသာ နေထိုင်လျက်ရှိသည်ကို ဥပမာထား၍ ထည့်သွင်းပြောကြားခဲ့ကြောင်း၊ ပြည်နယ်တစ်ခုသည် လူမျိုးတစ်မျိုးတည်း၏ ပိုင်ဆိုင်မှုမဟုတ်ဘဲ ယင်းဒေသတွင်နေထိုင်ကြသည့် လူမျိုးအားလုံး၏ ပိုင်ဆိုင်မှုဖြစ်သည်ဟူသည့်သဘောထားကို အလေးထားကြရန်လိုပြီး ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူကြရန်လိုကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်ကိုစိတ်ရင်းအမှန်ဖြင့် ငြိမ်းချမ်းမှုရရှိစေလိုကြောင်း၊ တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်နှင့် နိုင်ငံသားတို့ကို ကာကွယ်နေသည့် တပ်မတော်သာဖြစ်စေလိုကာ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများ အချင်းချင်းတိုက်ခိုက်နေရသည့် တပ်မတော်မဖြစ်စေလိုကြောင်း။


နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များအား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

- ❖ **လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့ အားလုံးညီညီညွတ်ညွတ်ဖြင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် စုစည်းညီညွတ်သည့်အားဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့်အချိန်ဖြစ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန်အတွက် အကောင်းဆုံးအချိန်အခါကောင်းပင်ဖြစ်**
- ❖ **ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ဆွေးနွေးဆောင်ရွက်ကြရာတွင် မိမိတို့ဖြစ်လိုသည့် စိတ်ဆန္ဒတစ်ခုတည်းကိုသာကြည့်၍ ဆောင်ရွက်နေမည့်အစား ပြည်ထောင်စုအကျိုးကို ကြည့်၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

**လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့အားလုံး ညီညီညွတ်ညွတ်ဖြင့်ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် စုစည်းညီညွတ်သည့်အားဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့်အချိန်ဖြစ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန်အတွက် အကောင်းဆုံး အချိန်အခါကောင်းပင်ဖြစ်**ကြောင်း၊ သို့ဖြစ်၍ **ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ဆွေးနွေးဆောင်ရွက်ကြရာတွင် မိမိတို့ဖြစ်လိုသည့် စိတ်ဆန္ဒတစ်ခုတည်းကိုသာကြည့်၍ ဆောင်ရွက်နေမည့်အစား ပြည်ထောင်စုအကျိုးကိုကြည့်၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးထားတိုက်တွန်း**လိုပါကြောင်း။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးရယူပြီးပါက နိုင်ငံရေးတွင်ပါဝင်ဆောင်ရွက်လိုပါက ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပါတီတည်ထောင်၍ ဆောင်ရွက်သွားရန်၊ စီးပွားရေးလုပ်ဆောင်လိုပါက ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန်၊ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်လိုပါက တပ်မတော်နှင့်ပူးပေါင်း၍ နယ်ခြားစောင့်တပ်ဖွဲ့များအဖြစ် တာဝန်ထမ်းဆောင်ရန်နှင့် သာမန်အရပ်သားပြည်သူများကဲ့သို့ အေးချမ်းစွာဖြင့်နေထိုင်လိုပါကလည်း ဥပဒေအကာအကွယ်အောက်တွင် လုံခြုံစွာဖြင့် နေထိုင်သွားနိုင်သည်ကို မိမိအနေဖြင့် ယခင်ကတည်းက ပြောကြားပြီးဖြစ်ကြောင်း။

ထို့ပြင် လက်နက်ကိုင်အဖွဲ့များအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများနှင့် မူးယစ်ဆေးဝါးကိစ္စများနှင့်ပတ်သက်၍လည်း ကင်းရှင်းကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးကိစ္စရပ်များနှင့် ပတ်သက်လာပါက လုံးဝသည်းခံမည်မဟုတ်ဘဲ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အလေးထားတိုက်ဖျက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လက်ရှိအချိန်သည် ငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်သွားရန် အကောင်းဆုံးအခြေအနေသို့ရောက်ရှိနေသည်ဖြစ်သည့်အတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတက ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုးနှင့် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တရားလွှတ်တော်ရှေ့နေများကောင်စီက ကြီးမှူးကျင်းပသည့် "ရှေ့နေရှေ့ရပ်များအကြားဥပဒေရေးရာစကားဝိုင်း(၂)" ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၅**

တရားလွှတ်တော်ရှေ့နေများ ကောင်စီက ကြီးမှူးကျင်းပသည့် "ရှေ့နေရှေ့ရပ်များအကြား ဥပဒေရေးရာစကားဝိုင်း(၂)" ကို ယနေ့နံနက် ၉ နာရီက ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း Legal Advocacy Center (LAC) နေပြည်တော်၌ ကျင်းပသည်။

ဆွေးနွေးပွဲ၌ အတွေ့အကြုံပြည့်ဝသည့် တရားလွှတ်တော်ရှေ့နေကြီးများက လက်တွေ့တရားခွင်၊ သက်သေခံဥပဒေသိကောင်းစရာများ၊ ရှေ့နေကောင်းတစ်ယောက်၊ ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများ၊ တရားမတရားစီရင်ရေးနှင့် ရှေ့နေရှေ့ရပ်အခန်းကဏ္ဍ၊ "အဂတိလိုက်စားမှုနှင့်ဆက်နွှယ်သည့် သံသယဖြစ်ဖွယ်လွှဲပြောင်းဆောင်ရွက်မှု အစီရင်ခံစာပေးပို့ခြင်းဆိုင်ရာ ညွှန်ကြားချက်" စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြမည်ဖြစ်သည်။



အဆိုပါ ဥပဒေရေးရာစကားဝိုင်း(၂)တွင် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ ဒေါက်တာသီတာဦးက ဥပဒေရေးရာစကားဝိုင်းများကိုကျင်းပရခြင်းသည် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်၊ အမှုလိုက်ပါဆောင်ရွက်ရာ၌ သိသင့်သိထိုက်သည့် ဥပဒေရေးရာကိစ္စများကို ပိုမိုနှံ့စပ်နားလည်စေရန်၊ ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများကို ပိုမိုသိရှိပြီး အရည်အချင်းပြည့်ဝသော ရှေ့နေရှေ့ရပ်များဖြစ်စေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ တရားမျှတမှုရရှိစေရေးသာမက ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏လုပ်ငန်းတာဝန်များကို အများပြည်သူက သိရှိနားလည်ပြီး ဆောင်ရွက်ချက်များအပေါ် ယုံကြည်အားကိုးမှုရှိစေရေးသည် အလွန်အရေးကြီးကြောင်း၊ စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသည့် တရားလွှတ်တော်ရှေ့နေများအနေဖြင့် ယခုစကားဝိုင်းတွင် လေ့လာခွင့်ရသည့် ပညာရပ်များကို လက်တွေ့လုပ်ငန်းခွင်နယ်ပယ်၌ အကျိုးရှိစွာ အသုံးချစေလိုကြောင်း၊ တရားဥပဒေစိုးမိုးရေးကိစ္စရပ်များတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီဆောင်ရွက်စေလိုကြောင်း၊ အများအကျိုး၊ မိမိအကျိုး ဆောင်ရွက်ရာ၌ဖြစ်စေ၊ မိမိရဲ့အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆောင်ရွက်ရာ၌ဖြစ်စေ၊ ကျင့်ဝတ်သိက္ခာပြည့်စုံစွာဖြင့် ဆောင်ရွက်ကြနိုင်စေရန် ဆန္ဒပြုပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ တရားလွှတ်တော်ရှေ့နေများကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသိန်းကိုကို၊ တရားလွှတ်တော်ရှေ့နေများကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ တရားလွှတ်တော်ရှေ့နေများ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၈၄ / ၂၀၂၆**
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်
( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)
**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၄ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၇ တို့အရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ် ကျော်ကျော်ဟန် အား နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

❖ ကျော့ဖုံးမှ
(Comprehensive Cooperative Partnership)ကို ထူထောင်ထားရှိမှု၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အိမ်နီးချင်းဒေသတွင်းမိတ်ဆွေနိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအသီးသီးတွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့်အခြေအနေ၊ နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်နိုင်သည့်နယ်ပယ်များ၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဦးခင်လတ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

**ပညာရဲရင့် ပွဲလယ်တင့်**

**ပညာရွှေအိုးလူမခိုး**

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၁၅**
မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အားကစားရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ လူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့်အတူ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာအသင်းအဖွဲ့များမှဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူငယ်ရေးရာကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဝန်ကြီးချုပ်များက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမှာစကားပြောကြားရာတွင် ယနေ့ခေတ်ကာလသည် ဆန်းသစ်သည့်နည်းပညာများနှင့်အတူ တိုးတက်ပြောင်းလဲနေသည့် ကမ္ဘာကြီးဖြစ်သည်နှင့်အညီ မျိုးဆက်သစ်လူငယ်များကို လက်လှမ်းမီနိုင်ရန်အတွက် ဘက်ပေါင်းစုံကောင်းမွန်ပြည့်စုံအောင် လေ့ကျင့်သင်ကြားပေးရန် လိုအပ်ကြောင်း၊ လူငယ်များ၏ စူးစမ်းလိုသည့်စိတ်၊ တီထွင်ဖန်တီးလိုသည့်စိတ်၊ ကျိုးကြောင်းဆီလျော်စွာဖြင့် စဉ်းစားဝေဖန်ပိုင်းခြားနိုင်သည့်စိတ်များအပြင် မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန်အတွက် တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်ကထုတ်ပြန်ထားသည့်ဥပဒေများကိုလည်း သိရှိလေးစားလိုက်နာပြီး စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ကြစေရန်၊ ကျင့်ဝတ်သိက္ခာပြည့်ဝပြီး အတ္တပရ မျှမျှတတနှင့် လူမှုတာဝန်များကို ကျေပွန်စွာပြုမူနေထိုင်တတ်စေရန်ကိုလည်း လမ်းပြသွန်သင်ပေးသွားကြရမည်ဖြစ်ကြောင်း။

လူငယ်ကဏ္ဍဖွံ့ဖြိုးရေးကို ဆောင်ရွက်သည့်အခါတွင် အနုပညာနှင့်အားကစားလှုပ်ရှားမှုများအပါအဝင် လူငယ်ရေးရာကိစ္စရပ်များကို ဆောင်ရွက်ရုံသာမက လူငယ်အချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံသင်ယူနိုင်မည့် လူငယ်စင်တာများသည်လည်း အခြေခံကျသည့်ကဏ္ဍတစ်ရပ်တွင် ပါဝင်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လူငယ်စင်တာများကို ဖွင့်လှစ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ လတ်တလောတွင် ဖွင့်လှစ်ပြီးဖြစ်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့ရှိ လူငယ်စင်တာများတွင်လည်း သာမန်လုပ်ရိုးလုပ်စဉ်သဘောမျိုးမဟုတ်ဘဲ လူငယ်များကို တိုက်ရိုက်အကျိုးပြုနိုင်မည့် သင်တန်းများ၊ လုပ်ငန်းခွင်တွင် တိုက်ရိုက်အသုံးချနိုင်မည့် အတတ်ပညာများကို စနစ်တကျလေ့ကျင့်သင်ကြားပေးပြီး အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချသွားရန် ပြောကြားလိုကြောင်း။

အနာဂတ်ကာလ နိုင်ငံတော်ကို ယနေ့လူငယ်များနှင့်သာ ဒို့တာဝန်အရေးသုံးပါးနှင့်အညီ ဆက်လက်ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရမည်ဖြစ်သောကြောင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ အနာဂတ်ဖြစ်သည့် လူငယ်များကို စွမ်းရည်မြင့်မားသော အဖိုးတန်လူသားအရင်းအမြစ်များ ဖြစ်ပေါ်လာစေရန်နှင့် ပြည့်ဝရင့်ကျက်သည့် စွမ်းအားစုများ ဖြစ်လာစေရေး စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံအတွင်း၌ရှိသည့် မျိုးဆက်သစ်လူငယ်များကို စနစ်တကျပြုစုပျိုးထောင်ရန်အတွက် ယနေ့အစည်းအဝေးကို တက်ရောက်လာကြသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို သုံးသပ်အကြံပြုဝိုင်းဝန်းဆွေးနွေးပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ ပြန်လည်ဖွဲ့စည်းခဲ့မှု၊ ဝန်ကြီးဌာနအနေဖြင့် လူငယ်အသိပညာပေးဟောပြောပွဲများနှင့် စကားဝိုင်းများ ဟောပြောဆွေးနွေးခဲ့မှု၊ အသက်မွေးဝမ်းကျောင်း၊ အားကစားနှင့် လူငယ်ဖွံ့ဖြိုးရေးသင်တန်းများ ဖွင့်လှစ်သင်ကြားဆောင်ရွက်ပေးခဲ့မှု၊ အသက်မွေးဝမ်းကျောင်းပညာသင်စရိတ် ထောက်ပံ့ပေးခဲ့မှု၊ နိုင်ငံတကာနှင့်လူငယ်ဆိုင်ရာလုပ်ငန်းများဆောင်ရွက်ခဲ့မှု၊ လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်အသစ် ပြန်လည်ရေးဆွဲလျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစစ်နိုင်က ယခင်ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့တက်ရောက်လာကြသူများက နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များပေါ်ထွက်လာစေရန်အတွက် လူငယ်မူဝါဒတွင်ပါဝင်သည့် အဓိကကဏ္ဍ(၁၆)ရပ်ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းအကြံပြုဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ လာရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၁၅**
မြန်မာ့သမိုင်းစဉ်ကာလတစ်လျှောက်တွင် အစဉ်အလာကြီးမားခဲ့သည့် ရှေးခေတ်မြန်မာ့တပ်မတော်၏ ဆောင်ရွက်ချက်များနှင့် အထွေထွေဗဟုသုတများကို လေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါက်ဖွားလာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့မှုအခြေအနေများကို သိရှိစေရန်နှင့် လွတ်လပ်ရေးရရှိပြီးကာလနောက်ပိုင်းတွင် နိုင်ငံ၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရေးအတွက် ခေတ်အဆက်ဆက် တပ်မတော်၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို လေ့လာသိရှိနိုင်ကာ လူငယ်လူရွယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန်၊ ကျောင်းသား ကျောင်းသူလူငယ်များ ကျောင်းပြင်ပ အသိပညာဗဟုသုတများစွာရရှိစေရန်နှင့် သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက် ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (အောင်သုခ)၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(ရေပြာ) တို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များ၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင်ခင်းကျင်းပြသထားသော စစ်ရေယာဉ် ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း)ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များ ပေးဝေခဲ့သည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက်အတွင်းခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ထို့နောက် ယနေ့ လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Nguyen Anh Duc ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Nguyen Anh Duc ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)



ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆွေတော် သံအမတ်ကြီးနှင့်အဖွဲ့အား လှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ သံတမန်အတွေ့အကြုံ ကြွယ်ဝသည့် အဆွေတော်သည် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ၁၉၇၅ ခုနှစ်မှ စတင်ခဲ့သည့် မိမိတို့နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေးသည် (၅၁)နှစ်ထဲသို့ ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ အာဆီယံမိသားစုဝင်နိုင်ငံများဖြစ်ကြသည့် မိမိတို့နှစ်နိုင်ငံသည် ရှည်လျားသည့် ချစ်ကြည်ရင်းနှီးသော သံတမန်ဆက်ဆံရေးကို တည်ဆောက်ထိန်းသိမ်းနိုင်ခဲ့ကြပါကြောင်း၊ ထို့အပြင် မိမိတို့နှစ်နိုင်ငံအကြား စီးပွားရေး၊ နည်းပညာ၊ ယဉ်ကျေးမှု စသည့်ကဏ္ဍများတွင်လည်း ထိထိဝင်ဝင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြပါကြောင်း၊

မိမိတို့ နိုင်ငံတွင် လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးပါကြောင်း၊ မိမိတို့ပြည်သူ့လွှတ်တော်သည် လူဦးရေနှင့်မြို့နယ်ကို အခြေခံ၍ ရွေးကောက်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့်လွှတ်တော်ဖြစ်ပါကြောင်း၊ နိုင်ငံတကာပါလီမန်များနှင့် ဆက်ဆံရေး တိုးမြှင့်ရန်အတွက် မိမိတို့လွှတ်တော်တွင် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအဖွဲ့များ ဖွဲ့စည်းထားပါကြောင်း၊ ထိုအဖွဲ့တွင် မြန်မာ – ဗီယက်နမ် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအဖွဲ့လည်း ဖွဲ့စည်းထားပြီးဖြစ်၍ မိမိတို့လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လိုပါကြောင်း၊ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့များမှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌအချင်းချင်း၊ လွှတ်တော်ကိုယ်စားလှယ်များအချင်းချင်း ဆက်ဆံရေးအား တစ်ဆင့်ချင်း တိုးမြှင့်ဆောင်ရွက်လိုပါကြောင်း၊ ထို့အပြင် လွှတ်တော်ကော်မတီချင်းဆက်ဆံရေး၊ လူငယ်၊ အမျိုးသမီးနှင့် နည်းပညာကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် ဗီယက်နမ်အမျိုးသားလွှတ်တော်တို့အကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ယခုတွေ့ဆုံမှုသည် ခြေလှမ်းအစဖြစ်ပါကြောင်း၊ ထို့အပြင် ဗီယက်နမ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအထောက်အပံ့ပြုသည့် Doi Moi Plan (2.0) နှင့်ပတ်သက်၍လည်း အဆွေတော်နှင့် ထပ်မံ၍ အသေးစိတ်ဆွေးနွေးလိုပါကြောင်း၊ အဆွေတော် တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း မိမိတို့နှစ်နိုင်ငံ၏ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Nguyen Anh Duc က ယခုလို ဂါရဝပြုတွေ့ဆုံခွင့်ရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်အနေဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အစိုးရသစ်အနေဖြင့် ခြောက်လတာကာလအတွင်း လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများအတွက် ဂုဏ်ယူပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ယခင်နိုင်ငံ့ခေါင်းဆောင်ကြီးများ အဆက်ဆက်တွင်လည်း ချစ်ကြည်ရင်းနှီးမှုရှိခဲ့ကြသည့် မိတ်ဆွေကောင်းနိုင်ငံများလည်းဖြစ်ကြပါကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးစွာပူးပေါင်းဆောင်ရွက်မှုကို အလေးထားပါကြောင်း၊ ထို့အပြင် လွှတ်တော်နှစ်ရပ်အကြား ဥပဒေပြုရေးနှင့် ကော်မတီများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက်လည်း အပြည့်အဝ ထောက်ခံအားပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါ်တာဖွင့်ဆန်း၊ ပြည်သူ့လွှတ်တော်၊ မြန်မာ-ဗီယက်နမ် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ပို၊ အတွင်းရေးမှူး ဗိုလ်မှူးကြီး မျိုးမြင့်အောင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား “မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects-QIP)” အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ (MoU) ၅ စောင် လက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် “မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects– QIP)” အကောင်အထည်ဖော် ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ ၅ စောင် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့တွင် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ သက်ဆိုင်ရာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် ပထမအတွင်းဝန် Mr. Amit Shreeansh အပါအဝင် တာဝန်ရှိ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နားလည်မှု စာချွန်လွှာများဖြစ်သည့် အများပြည်သူအပန်းဖြေလှေလှော်နိုင်ရန် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ ကျေးရွာပတ်လမ်း အဆင့်မြှင့်တင်ပြုပြင်ခြင်းစီမံချက်ကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှလည်းကောင်း၊ မြန်မာနိုင်ငံရှိ ငလျင်ဒဏ်သင့်ကျောင်းများအတွက် WASH ထောက်ပံ့ကူညီရေးစီမံချက်ကို ပညာရေးဝန်ကြီးဌာနမှလည်းကောင်း၊ ဘွိုင်လာကိုင်တွယ် ထိန်းသိမ်းသူများ သင်တန်းကျောင်းအဆင့်မြှင့်တင်ခြင်း စီမံချက်ကို စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနမှလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးရှိ ပုသိမ်ကြီး လူငယ်သင်တန်းကျောင်းတွင် ဖူဆယ်ဘောလုံးကွင်း တည်ဆောက်ခြင်းစီမံချက်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှလည်းကောင်း၊ စာရင်းစစ်ဆေးလေ့ကျင့်သင်ကြားနိုင်ရန် အချက်အလက်များ ထုတ်ယူစိစစ်သုံးသပ်သော ဆော့ဖ်ဝဲလ်ဝယ်ယူခြင်း စီမံချက်ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှလည်းကောင်း ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးကြပြီး အိန္ဒိယသမ္မတနိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ပထမအတွင်းဝန် Mr. Amit Shreeansh က လက်မှတ်ရေးထိုးသည်။

စီမံချက်တန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၄၇၅၀၂ ဒသမ ၄၇ ဖြစ်ပြီး ယနေ့လက်မှတ်ရေးထိုးသည့် QIP စီမံချက် ၅ ခု အပါအဝင် အိန္ဒိယနိုင်ငံအစိုးရမှ မြန်မာနိုင်ငံသို့ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် QIP စီမံချက် ၁၀ ခုကို ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Maziad Mohammed Maziad M.Alhowishan နှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၁၅**

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Maziad Mohammed Maziad M. Alhowishan နှင့် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံမှ အစ္စလာမ်ဘာသာဝင်များ ဆော်ဒီအာရေဗျနိုင်ငံသို့ ဟဂျ်ဝတ်ပြုသွားရောက်ရာတွင် အဆင်ပြေချောမွေ့စွာ တည်းခိုနေထိုင်နိုင်ရေးအတွက် မင်းတုန်းမင်းကြီးလက်ထက်က ဒေါ်ဇရုပ်တစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းပေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် မီတင်နေထိုင်ကြသော အစ္စလာမ် ဘာသာဝင်များအနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံသို့ ဟဂျ်ဘုရားဖူးခရီးစဉ် သွားရောက်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံသံ အမတ်ကြီးက မြန်မာနိုင်ငံမှ အစ္စလာမ်ဘာသာဝင်များ ဟဂျ်ဝတ်ပြုသွားရောက်နိုင်ရေး ကူညီဆောင်ရွက်ပေးမှုများအတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ သာသနာရေးဝန်ကြီးဌာနအနေဖြင့် ဘာသာပေါင်းစုံအတွက် တတ်နိုင်သမျှ ဆောင်ရွက်နေမှုများကိုလည်း အသိအမှတ်ပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံနှင့် ဆော်ဒီအာရေဗျ နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်ပရောက်မြန်မာနိုင်ငံသားများ၏ လုပ်ခ၊ လစာငွေများကို ၎င်းတို့၏မိသားစုများထံသို့ လွှဲပို့နိုင်ရေးအတွက် နည်းလမ်း ၂ မျိုးဖြင့် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၅**

တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။




တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ ကျင်းပစဉ်။

အစည်းအဝေးတွင် မြေအသုံးချခွင့်ရရှိနေမှု စိစစ်ပေးနိုင်ရေး၊ တရားမဝင် ပြည်ပအလုပ်သမားများ လျှော့ချနိုင်ရေးနှင့်ပြည်ပအလုပ်သမားများ၏ လစာဝင်ငွေများကို အစိုးရဘဏ်မှတစ်ဆင့် လွှဲပြောင်းပေးနိုင်ရေး၊ နယ်စပ်ဂိတ်များတွင် ပစ္စည်းတန်ဖိုး၏ ၃ ရာခိုင်နှုန်း အခွန်ကောက်၍ခွင့်ပြုပေးနိုင်ရေးနှင့် လူတစ်ဦးလျှင်ပစ္စည်းတန်ဖိုး ကျပ်သိန်း ၅၀ ဖိုး သယ်ယူခွင့်ပြုနိုင်ရေး၊ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ **မေးခွန်း ၅ ခု** မေးမြန်းဖြေကြားခြင်းနှင့် **အဆို ၁ ခု** ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့်၏ **အောင်ပန်းဒေသ သစ္စာမြောင် မြနန္ဒာနှင့် အခြားရေဝေရေလဲဒေသများအား ကြီးကြပ်မည့်အစီအစဉ်နှင့် ၎င်းဒေသများ၌ မြေအသုံးချခွင့်ရနေမှုအား အမြန်ဆုံးစိစစ်ပြီး ပြီးပြတ်ရေးဆောင်ရွက်ပေးမည့် ကာလသတ်မှတ်ချက်အစီအစဉ်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးက ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ အောင်ပန်းဒေသ သစ္စာမြောင် မြနန္ဒာ ရေဦးရေထွက်သည့် အောင်ပန်းကြိုးဝိုင်းအတွင်းပါဝင်ပါကြောင်း။

လယ်ယာမြေဧရိယာ ၄၉ ဒသမ ၅၅ ဧကမှာ ဦးပိုင်ပေါင်း ၂၃ ခု၊ တောင်သူပေါင်း ၁၉ ဦးတို့က လုပ်ကိုင်လျက်ရှိပြီး ဦးပိုင်ပေါင်း ၁၈ ခု၊ တောင်သူပေါင်း ၁၇ ဦး၊ မြေဧရိယာ ၃၇ ဒသမ ၈၉ ဧကအား မြေစာရင်းဦးစီးဌာနက လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ထုတ်ပေးပြီးဖြစ်ပါကြောင်း၊ ဦးပိုင်ပေါင်း ၃ ခု၊ တောင်သူ ၁ ဦး၊ မြေဧရိယာ ၉ ဒသမ ၆၆ ဧကမှာ မြေယာအငြင်းပွားမှုရှိနေသဖြင့် (ပုံစံ-၇) ထုတ်ပေးထားခြင်း မရှိသေးပါကြောင်း၊ ၂ ဧက ယာမြေအား အခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့် ပေးထားပါကြောင်းနှင့် ၃ ဧကအား တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြေငှားဂရန် ချထားပေးခဲ့ပါကြောင်း။

လွယ်မောကျေးရွာအုပ်စု ကွင်းအမှတ်(၃၁) အတွင်းရှိ မြေလွတ်၊ မြေရိုင်း ၆၈ ဒသမ ၄၅ ဧကထဲမှ မြေဧရိယာ ၁ ဧကခန့်ကို ဘုန်းကြီးကျောင်း ကျူးကျော်တည်ဆောက် အသုံးပြုထားသည်ကို စိစစ်တွေ့ရှိရပြီး ကျန်မြေနေရာများတွင် သဘာဝထင်းရှူးပင်များ ပေါက်ရောက်လျက်ရှိပါကြောင်း၊ အောင်ပန်းကြိုးဝိုင်းအတွင်း ကျရောက်သည့် ၅၂၂ ဧကတွင် သာသနာမြေ ၁၆ ဧက၊ စီးပွားရေး ထင်းရှူးစိုက်ခင်း ၆၅ ဧက၊ စီးပွားရေးထင်းရှူး စိုက်ခင်း ဧက ၁၀၀၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော ၃၂ ဧကတို့ တည်ထောင်ခွင့်ပြုထားပါကြောင်း၊ သဘာဝတောကျန် ဧရိယာ ၃၁၇ ဒသမ ၁၃ ဧကရှိပြီး ၃ ဧက ကျော်ပေါ်တွင် ကျူးကျော်နေထိုင်သူများရှိသည်ကို စိစစ်တွေ့ရှိရပြီး ကျူးကျော်နေထိုင်သူ ၁၇ ဦးနှင့်စပ်လျဉ်း၍ သစ်တောဦးစီးဌာနမှ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

ရေဝေရေလဲဒေသများအား ကြီးကြပ်ပေးမည့် အစီအစဉ်နှင့်ပတ်သက်ပြီး မြို့နယ် ၁၀ မြို့နယ်တွင် ရေဝေရေလဲစိုက်ခင်း၊ ဂေဟစနစ်ဖြည့်တင်းရေး စိုက်ခင်း၊ အထူးစိမ်းလန်းစိုပြည်ရေး စိုက်ခင်းများ အပါအဝင် စိုက်ခင်းမျိုးစုံ ဧရိယာဧက စုစုပေါင်း ၇၇၁၇ ဧက စိုက်ပျိုးခဲ့ပါကြောင်း။

ရှမ်းပြည်နယ်အတွင်းရှိ သဘာဝရေအရင်းအမြစ်များ ရေရှည်တည်တံ့စေရေး၊ စနစ်တကျထိန်းသိမ်းကာကွယ်ရေးတို့အတွက် ရှမ်းပြည်နယ် သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးဥပဒေနှင့်အညီ ရေဝေရေလဲဒေသများ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ရေဝေရေလဲဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့် တရားမဝင်မြေအသုံးချမှုများ မဖြစ်ပေါ်စေရေးအတွက် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဦးတင့်ဝေ၏ **တရားမဝင် ပြည်ပအလုပ်သမားများ လျှော့ချရန်နှင့် ပြည်ပအလုပ်သမားများ၏ လစာဝင်ငွေ နိုင်ငံသို့ လွှဲပြောင်းရာတွင် အစိုးရဘဏ်မှတစ်ဆင့် လွှဲပြောင်းပေးပို့ရန် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ပြည်ပသို့လုပ်သားများ တရားဝင်သွားရောက်လုပ်ကိုင်နိုင်ရန်အတွက် အလုပ်သမားလက်ခံသည့်နိုင်ငံများသို့ အလုပ်သမားရေးရာဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့်အညီ ပြည်ပအလုပ်အကိုင်အကျိုးဆောင်အေဂျင်စီများ၏ တာဝန်ခံမှုဖြင့် စေလွှတ်ခဲ့ခြင်း၊ မိမိအစီအစဉ်ဖြင့် သွားရောက်လုပ်ကိုင်သည့် အလုပ်သမားများအတွက် လုပ်ငန်းခွင်၏ အလုပ်ခေါ်စာ မှန်ကန်မှုရှိစေရန် အလုပ်သမားသံအရာရှိများမှ သက်ဆိုင်ရာနိုင်ငံ၏ အလုပ်ခေါ်စာအား စိစစ်ပေးခြင်း၊ သံအရာရှိမထားရှိသည့် နိုင်ငံများအတွက် မြန်မာနိုင်ငံဆိုင်ရာသံရုံးများမှတစ်ဆင့် စိစစ်ပေးပြီး လက်ခံနိုင်ငံ၏ အလုပ်သမားအခွင့်အရေး အပြည့်အဝရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်ပသို့အလုပ်သမားများ တရားမဝင်သွားရောက်လုပ်ကိုင်မှု လျှော့ချနိုင်ရန်အတွက် ဝန်ကြီးဌာနသည် တရားမဝင်လုပ်သားစေလွှတ်ခဲ့သည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများကို ထိရောက်သောပြစ်ဒဏ်များ ချမှတ်အရေးယူခြင်း၊ လူထုမီဒီယာမျိုးစုံအသုံးပြု၍ အသိပညာပေးခြင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်ပရောက်မြန်မာနိုင်ငံသားများ၏ လုပ်ခ၊ လစာငွေများကို ၎င်းတို့၏မိသားစုများထံသို့ လွှဲပို့နိုင်ရေးအတွက် နည်းလမ်း ၂ မျိုးဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ AD လိုင်စင်ရဘဏ်များနှင့် နိုင်ငံတကာငွေလွှဲ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ဆောင်ရွက်သည့် ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခြင်းနှင့် ကုမ္ပဏီများအား ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင်ခွင့်ပြုခြင်းတို့ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ ပြည်ပငွေလွှဲလုပ်ငန်း ဝန်ဆောင်မှုဆောင်ရွက်ရန် AD လိုင်စင်ရဘဏ်များမှ တင်ပြလာပါက စိစစ်ခွင့်ပြုပေးလျက်ရှိပြီး ကုမ္ပဏီများမှ တင်ပြလာပါကစိစစ်၍ ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင် ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ လက်ရှိတွင် AD လိုင်စင်ရဘဏ် ၁၆ ခုကို ဝန်ဆောင်မှုဆောင်ရွက်မည့် နိုင်ငံအလိုက် နိုင်ငံတကာ ငွေလွှဲအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ခွင့်ပြုထားပါကြောင်း။

ထို့အပြင် ကုမ္ပဏီ ၁၈ ခုကို ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ရန်အတွက် ဝန်ဆောင်မှုဆောင်ရွက်မည့် နိုင်ငံအလိုက် ပြည်ပငွေလွှဲလုပ်ငန်း လိုင်စင်ခွင့်ပြုထားပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် အလုပ်သမားများ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရာတွင် တရားဝင်လမ်းကြောင်းမှ သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေး၊ တရားမဝင်လမ်းကြောင်းမှ သွားရောက်မှု လျှော့ချနိုင်ရေးနှင့် ပြည်ပရောက်အလုပ်သမားများထံမှ မိသားစုလွှဲပို့ငွေအား တရားဝင်လွှဲပို့နိုင်ရေးအတွက် နိုင်ငံပိုင်ဘဏ်ဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်၊ ပုဂ္ဂလိက AD လိုင်စင်ရဘဏ်များမှတစ်ဆင့်လည်းကောင်း၊ ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင်ရကုမ္ပဏီများမှတစ်ဆင့်လည်းကောင်း လွှဲပို့နိုင်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မူဆယ်မဲဆန္ဒနယ်မှ ဦးအောင်ဇော်မိုး(ခ) အောင်ဇော်မိုးထွန်း၏ **မူဆယ်မြို့ပေါ်ရှိ နယ်စပ်ဂိတ်များ၌ ပစ္စည်းသယ်ယူမှုကို တန်ဖိုး၏ ၃ ရာခိုင်နှုန်း အခွန်ကောက်ခံပေးရန်နှင့် လူတစ်ဦးလျှင် ပစ္စည်းတန်ဖိုး ကျပ်သိန်း ၅၀ ဖိုး သယ်ယူခွင့်ပြုရန် အစီအစဉ်ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင်က ယခင် ၃ ရာခိုင်နှုန်း ကောက်ခံ၍ တင်သွင်းခွင့်ပြုထားသည့် သွင်းကုန်ပစ္စည်း ၁၄၆ မျိုးသည် Non-Automatic Licensing စနစ်ဖြင့် သွင်းကုန်လိုင်စင်လျှောက်ထားရမည့် ကုန်စည်များစာရင်းတွင် ပါရှိနေပြီး ပြည်ပမှကုန်ပစ္စည်းများ တင်သွင်းမှုအတွက် နိုင်ငံခြားငွေသုံးစွဲမှုကို စိစစ်ကန့်သတ်နေချိန်ဖြစ်သောကြောင့် ၃ ရာခိုင်နှုန်း ဒေသသုံးအခွန်ပေးဆောင်ပြီး ပြည်တွင်းအထိ တင်သွင်းဆောင်ရွက်လာနိုင်၍လည်းကောင်း၊ ၃ ရာခိုင်နှုန်း ဒေသသုံးအခွန်ကောက်ခံသည့်အဖွဲ့များအနေဖြင့် အခွန်ပါရှိကုန်ပစ္စည်းနှင့် တန်ဖိုးကိုစိစစ်ရန် အခက်အခဲရှိ၍လည်းကောင်း နှစ်နိုင်ငံကုန်သွယ်မှု စာရင်းကွာဟမှုကို ပိုမိုဖြစ်စေနိုင်သည့်အတွက် အဆိုပါကုန်ပစ္စည်းများကိုလည်း Myanmar Tradenet 2.0 တွင် သွင်းကုန်လိုင်စင် လျှောက်ထားရယူပြီးမှသာ တင်သွင်းခွင့်ပြုလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ နယ်စပ်ဂိတ်များမှ ဒေသသုံးပစ္စည်းများ သယ်ယူမှုကို ပစ္စည်းတန်ဖိုး၏ ၃ ရာခိုင်နှုန်း အခွန်ကောက်ခံဆောင်ရွက်ပေးရန်နှင့် လူတစ်ဦးလျှင် ပစ္စည်းတန်ဖိုး ကျပ်သိန်း ၅၀ ဖိုး သယ်ယူခွင့်ပြုပေးရန်ကိစ္စနှင့်စပ်လျဉ်း၍ လတ်တလော ခွင့်ပြုပေးနိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာဌေးဝင်း၏ **အင်္ဂပူမြို့နယ် မိုးကောင်းကွင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် RC တစ်ထပ်ဆောင်ချထားပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မိုးကောင်းကွင်း- အခြေခံပညာအလယ်တန်းကျောင်းရှိ ယာယီဆောင်တွင် စာသင်ခန်း ၃ ခန်းဖြင့် ပညာသင်ကြားနေရခြင်းကြောင့်လည်းကောင်း၊ ကျောင်းဆောင်ဆောက်လုပ်ရန် `မြေနေရာအနေအထားအရလည်းကောင်း ပေ(၉၀ x ၃၀) RC ၁ ထပ်ဆောက်လုပ်ရန်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်းဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ ဦးစားပေးအလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာစည်မဲဆန္ဒနယ်မှ ဒေါ်ကြူကြူမော်၏ **သာစည်မြို့နယ် ဘုရားငါးဆူ အ.ထ.က(ခွဲ) နှင့် မယ်ဇလီကန် အ.ထ.က ကျောင်းများအတွက် RCC ၂ ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် က မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဘုရားငါးဆူ-အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင် ၄ ဆောင်၌ စာသင်ခန်း ၁၇ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မန္တလေးလျှင်ကြီးကြောင့် အုတ်ညှပ် ၂ ထပ်ဆောင်အား ဖျက်သိမ်းပြီးဖြစ်ပါသဖြင့် ကျောင်းဆောင်သစ်ဆောက်လုပ်ရန် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်းဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ ဦးစားပေးအလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မယ်ဇလီကန်-အခြေခံပညာအထက်တန်းကျောင်းတွင် တန်းခွဲဦးရေအရ လိုအပ်သောစာသင်ခန်း ၁၀ ခန်းအတွက် တိုးချဲ့ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ပေ (၁၇၀ x ၃၀) RCC ၂ ထပ်ကျောင်းဆောင်အား လာမည့် ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်းဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ ဦးစားပေးအလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင် တင်သွင်းသည့် **“ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်အလိုက် ထူးချွန်ကျောင်းသားများ (ဝိဇ္ဇာချွန်ဆု/သိပ္ပံချွန်ဆု)ရွေးချယ်၍ အထူးလေ့ကျင့်ပြုစုပျိုးထောင်ရေးအစီအစဉ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း (၈) နိုင်ငံသား၊ ပုဒ်မ ၃၆၈ နှင့်အညီ ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအဆို”**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**တောင်ကြီး မဲဆန္ဒနယ်မှ နန်းကျင်း (ခ) နန်းစိန်**က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၈ တွင် နိုင်ငံသားများပညာရည်မြင့်မားရေးအတွက် ခေတ်မီအမျိုးသားပညာရေးစနစ်ကို ဖော်ဆောင်ရမည်ဟု ပြဋ္ဌာန်းထားသော်လည်း လက်ရှိတွင် ဝေးလံခေါင်ဖျားဒေသမှ ကျောင်းသားများသည် မြို့ပေါ်ရှိ တက္ကသိုလ်များသို့ မလာရောက်ဘဲ အိမ်နီးချင်းနိုင်ငံများ၏ ပညာရေးနှင့် ဘာသာစကားသင်ယူမှုကို ပိုမိုအားပြုလာကြပါကြောင်း၊ ယင်းနောက် ကြီးမားလှသော အမျိုးသားရေးဟာကွက်ဖြစ်ပြီး ရေရှည်တွင် ပြည်ထောင်စုစိတ်ဓာတ်လျော့နည်းကာ လူသားအရင်းအမြစ်များ အခြားနိုင်ငံသို့ ယိုစီးဆုံးရှုံးသွားစေမည့် စိန်ခေါ်မှုကြီးဖြစ်ပါကြောင်း၊ ၎င်းတို့ မိခင်နိုင်ငံသို့ ပြန်လည်ဦးလှည့်လာစေရန် **“ဒေသအလိုက်သီးသန့်ခွဲတမ်း (Quota စနစ်)”**၊ လုံလောက်သော ထောက်ပံ့ကြေးနှင့် အလုပ်အကိုင်အာမခံချက်များ ထည့်သွင်းပေးသင့်ပါကြောင်း။

*စာမျက်နှာ ၉ သို့*

# အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို လွှတ်တော်က သဘောတူသဖြင့် ပြင်ဆင်ထားသည့်အတိုင်း အတည်ပြု

**နေပြည်တော် အောက်တိုဘာ ၁၅**

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ ၂၀၉ ဦးရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၁၉၃ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် **ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဒေါ်နော်ဖလောရင့်ဒယ်နီ၏ ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်နေသော စိတ်ကျန်းမာရေးအထူးကုဆရာဝန်နှင့် ကျောက်ကပ်ရောဂါ အထူးကုဆရာဝန်တို့အား ခန့်အပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ခန့်အပ်နိုင်ခြင်းမရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍** ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက လွိုင်ကော်ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံအုပ်ကြီးနှင့်အတူ အထူးကုဆရာဝန် ၁၅ ဦး၊ လက်ထောက်ဆရာဝန် ၅ ဦးနှင့် ကျန်းမာရေးဝန်ထမ်း ၁၆၅ ဦး တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ သမားတော်နှစ်ဦးသည် ဆေးပညာမဟာသိပ္ပံ၊ အထွေထွေသမားတော် ၃ နှစ်သင်တန်းတွင် စိတ်ကျန်းမာရေး၊ ကျောက်ကပ်၊ နှလုံး၊ အသည်း၊ ဦးနှောက်နှင့် အာရုံကြောရောဂါများအတွက် သင်တန်းပေးပြီးဖြစ်၍ ဆီးနှင့် ကျောက်ကပ်ဆိုင်ရာ ရောဂါဝေဒနာရှင်များကို တာဝန်ယူကုသပေးလျက်ရှိကြောင်း၊ ကျောက်ကပ်သန့်စင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အဆိုပါသမားတော်နှစ်ဦးကဦးစီးပြီး သင်တန်းဆင်းသူနာပြုများနှင့် ကျွမ်းကျင်ဝန်ထမ်းများဖြင့် ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်း၊ ကျွမ်းကျင်ဝန်ထမ်းများ ထပ်မံမွေးထုတ်ပေးနိုင်ရန်လည်း ဆောင်ရွက်လျက်ရှိပြီး လိုအပ်ချက်အပေါ်တွင် စိစစ်၍ တိုင်းဒေသကြီး၊ ပြည်နယ်ဆေးရုံကြီးများတွင် ဦးစားပေး ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ စိတ်ကျန်းမာရေးအထူးကု ဆရာဝန်တစ်ဦးကို ၂၈-၈-၂၀၂၆ ရက်စွဲပါစာဖြင့် ပြည်သူ့ဆေးရုံကြီး လွိုင်ကော်မြို့သို့ တာဝန်ချထားပြီးဖြစ်ကာ လက်ရှိတွင် တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း ဖြေကြားသည်။



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပစဉ်။

**မွန်ပြည်နယ်အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဒေါ်ယဉ်မင်းထိုက်၏ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျူချောင်ကျေးလက်ကျန်းမာရေးဌာနအား ဝန်ထမ်းအိမ်ရာပါဝင်သော စံကိုက်ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံအသစ်တစ်လုံး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍** ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ကျိုက်ထိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ကျူချောင်ကျေးလက်ကျန်းမာရေးဌာနသည် ကျေးရွာအုပ်စု ၆ စု၊ ကျေးရွာ ၁၃ ရွာ၊ အိမ်ခြေ ၄၆၀၄ အိမ်မှ ဒေသခံပြည်သူ ၂၄၂၁၄ ဦးတို့၏ အခြေခံကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို စာမျက်နှာ ၁၀ သို့

---

စာမျက်နှာ ၈ မှ

နိုင်ငံတော်က အဆိုပါ ဝိဇ္ဇာ/သိပ္ပံချွန်ဆု အစီအစဉ်ဖြင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များကို မျှမျှတတ ပြုစုပျိုးထောင်ပေးခြင်းသည် အနာဂတ်တွင် ပြည်ထောင်စုကြီးတစ်ခုလုံး စည်းလုံးညီညွတ်ပြီး "ထာဝရငြိမ်းချမ်းရေး တည်ဆောက်မှု" ကို အထောက်အကူပြုသည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မြဝတီ မဲဆန္ဒနယ်မှ ဦးခင်မောင်ချင်း** က နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အချင်းရှိသော လူငယ်လူရွယ်များ မွေးထုတ်ပေးခြင်းသည် အရေးကြီးသည့် အခြေခံအချက်တစ်ရပ်ဖြစ်ပါကြောင်း၊ အရည်အချင်းရှိသည့် လူငယ်လူရွယ်များထဲတွင် ဘာသာရပ်အလိုက် ထူးချွန်သူများကို စနစ်တကျရှာဖွေဖော်ထုတ်၍ ၎င်းတို့၏ပညာရည်ကျွမ်းကျင်မှုနှင့် ဖန်တီးနိုင်စွမ်းများကို ပိုမိုတိုးတက်လာစေရန် အထူးလေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ပါကြောင်း၊ လက်ရှိအချိန်တွင် ကျောင်းသား/ကျောင်းသူများ၏ ထူးချွန်မှုကို အများအားဖြင့် စာမေးပွဲရလဒ်များအပေါ် အခြေခံ၍သာ သတ်မှတ်လေ့ရှိကြသဖြင့် ဘာသာရပ်တစ်ခုချင်းစီတွင် ထူးခြားသော အရည်အချင်း၊ သုတေသနစိတ်ဓာတ်၊ ဖန်တီးနိုင်စွမ်းနှင့် လက်တွေ့အသုံးချနိုင်စွမ်းရှိသည့် ကျောင်းသားများကို ထိရောက်စွာ ရွေးချယ်ပျိုးထောင်ပေးရန် လိုအပ်လျက်ရှိပါကြောင်း။

အမျိုးသားအဆင့် ထူးချွန်သောလူငယ်လူရွယ်၊ အရည်အချင်း စောင့်ရှောက်ရေးစနစ် တည်ဆောက်ခြင်းနှင့် အနာဂတ်နိုင်ငံ လူသားအရင်းအမြစ်အဖြစ် ပျိုးထောင်ခြင်း စသည့်ဘာသာရပ်အလိုက် ထူးချွန်ကျောင်းသားများကို တိကျမျှတသော စံနှုန်းများဖြင့် ရွေးချယ်၍ ဝိဇ္ဇာ၊ သိပ္ပံ ထူးချွန်ဆုများကို ချီးမြှင့်ပေးခြင်းနှင့်အတူ ၎င်းတို့၏ အရည်အချင်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အထူးလေ့ကျင့်ပျိုးထောင်ပေးသည့် အစီအစဉ်ကို နိုင်ငံတော်အဆင့် မူဝါဒတစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်ပေးရန် လိုအပ်သည့်အတွက် အဆိုကို ထောက်ခံပါကြောင်း။

ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များအပြင် နိုင်ငံ၏ လက်တွေ့ဖွံ့ဖြိုးရေးလိုအပ်ချက်များနှင့် ဆက်စပ်နေသည့် ပညာရပ်နယ်ပယ်များတွင်ပါ ထူးချွန်လူငယ်များကို ရှာဖွေဖော်ထုတ်ပြီး စနစ်တကျ ပြုစုပျိုးထောင်ပေးသင့်ပါကြောင်း၊ မိမိတို့အနေဖြင့် ယနေ့လူငယ်များ၏ ပညာရေးအပေါ် ရင်းနှီးမြှုပ်နှံခြင်းသည် အနာဂတ်တွင် နိုင်ငံ၏ထုတ်လုပ်မှုစွမ်းအား၊ နည်းပညာစွမ်းရည်နှင့် စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းတို့အပေါ် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်သည်ဟု နားလည်ထားသင့်ပါကြောင်း၊ ထူးချွန်ကျောင်းသားများ ရွေးချယ်ရေးတွင် အရည်အချင်းနှင့် အခွင့်အလမ်းတန်းတူညီမျှရေးကို ဟန်ချက်ညီညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကျောင်းသားတစ်ဦး၏ ထူးချွန်မှုကို စာမေးပွဲရမှတ်တစ်ခုတည်းဖြင့် ဆုံးဖြတ်ခြင်းထက် သင်္ချာနှင့် သိပ္ပံဆိုင်ရာ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ ပြဿနာဖြေရှင်းနိုင်စွမ်း၊ လက်တွေ့စမ်းသပ်ဖန်တီးနိုင်စွမ်းနှင့် သုတေသနပြုလိုစိတ်တို့ကိုပါ ထည့်သွင်းစဉ်းစားသင့်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

**မြောင်းမြမဲဆန္ဒနယ်မှ ဒေါ်မြင့်စန္ဒာအောင်** က ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ၏ အသိဉာဏ်ပညာ ပြည့်စုံကြွယ်ဝမှု၊ အခြေခံစိတ်ဓာတ်ကောင်းမွန်မှု၊ ဆန်းသစ်တီထွင်နိုင်စွမ်းရှိမှု၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို တန်ဖိုးထားထိန်းသိမ်းတတ်မှု စသည့်အရည်အချင်းများ ပြည့်စုံနိုင်ရန်အတွက် အခြေခံအဆင့်မှာပင် ဆရာ/ ဆရာမများနှင့် ကျောင်းသားမိဘများ စနစ်တကျ ပူးပေါင်းလေ့ကျင့်ပျိုးထောင်ထားရန် လိုအပ်ကြောင်း အကြံပြုလိုပါကြောင်း၊ သို့မှသာ အဆိုပါ ကျောင်းသား ကျောင်းသူများ နိုင်ငံတကာသို့ ပညာတော်သင်စေလွှတ်ကာ တတ်မြောက်လာသော ပညာရပ်များဖြင့် နိုင်ငံတော်အား ပြန်လည်အကျိုးပြုစေမည့် ရည်မှန်းချက် အောင်မြင်စေရန် အာမခံချက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား သင်ကြားမှုစနစ်များသည်လည်း သင်ကြားရေးနှစ်အလိုက် ထိရောက်မှုရှိစေရေး ကျောင်းသားကျောင်းသူများ ကျောင်းနေပျော်၍ သင်ကြားရေးစနစ်အပေါ် အပြည့်အဝလက်ခံကျင့်သုံးပြီး အရည်အချင်းပြည့်မီသော ပညာရှင်များပေါ်ထွန်းလာရန် လိုအပ်ကြောင်း အကြံပြုဆွေးနွေးသည်။

အလားတူ **မတ္တရာမဲဆန္ဒနယ်မှ ဦးလှမြင့်** နှင့် **မြစ်သားမဲဆန္ဒနယ်မှ ဦးစန်းမြင့်**တို့က ထောက်ခံဆွေးနွေးကြသည်။

ယင်းနောက် ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင် တင်သွင်းသည့်အဆိုနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်အလိုက် ထူးချွန်ကျောင်းသားများရွေးချယ်ပြီး အထူးလေ့ကျင့်ပြုစုပျိုးထောင်ရေး အစီအစဉ်ကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ စတင်ခဲ့ပါကြောင်း၊ ယင်းအစီအစဉ်အတွက် သင်တန်းသားလျှောက်ထားမှုများကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်တွင် သီးသန့်ဖော်ပြလျှောက်ထားစေခဲ့ပြီး အနိမ့်ဆုံးရမှတ်သတ်မှတ်ချက်တွင် အနိမ့်ဆုံးအဖြစ် အင်္ဂလိပ်စာဘာသာရပ်တွင် ၇၅ မှတ်နှင့် အထက်ရရှိရန် လိုအပ်ပါကြောင်း၊ အစီအစဉ်အတွက် ကျောင်းသားဦးရေ စတင်ခေါ်ယူခဲ့စဉ်က တစ်ဘာသာလျှင် ကျောင်းသား ၅၀ အထိသာ သတ်မှတ်ခဲ့သော်လည်း ၂၀၁၇ ခုနှစ်တွင် ကျောင်းသားဦးရေ စုစုပေါင်း ၂၀၀၀ အထိ တိုးမြှင့်ပြီး ဘာသာရပ်အများစုကို တစ်ဘာသာလျှင် ၁၀၀ ဦးစီအထိ ခေါ်ယူခဲ့ပါကြောင်း။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှစတင်ပြီး ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့ကို သီးခြားတက္ကသိုလ်များအဖြစ် သတ်မှတ်ခဲ့ပြီး လျှောက်ထားလိုသူများသည် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်များသို့ တိုက်ရိုက်လျှောက်ထားပြီး သက်ဆိုင်ရာတက္ကသိုလ်များ၏ အထူးပြုဘာသာရပ်အလိုက် သီးသန့်ဝင်ခွင့်ရွေးချယ်ရေးမှုများဖြင့် ရွေးချယ်ခဲ့ပါကြောင်း၊ ယင်းပညာသင်နှစ်မှစတင်ပြီး "ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်အလိုက် ကျောင်းသားများ ရွေးချယ်၍ အထူးလေ့ကျင့်ပြုစုပျိုးထောင်ရေး အစီအစဉ်"အစား တိုက်ရိုက်လျှောက်ထားရမည့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်နှင့် ဒီဂရီကောလိပ်၊ ကောလိပ်များကို သတင်းစာများ၌ သီးခြားကြော်ငြာခေါ်ယူပြီး လျှောက်ထားရန် စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့တွင် ဖွင့်လှစ်ခဲ့သည့် "ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်အလိုက် ထူးချွန်ကျောင်းသားများရွေးချယ်ပြီး အထူးလေ့ကျင့်ပြုစုပျိုးထောင်ရေး အစီအစဉ်"အရ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့ကို သီးခြားဝင်ခွင့်ရွေးချယ်မည့် တက္ကသိုလ်များ အစီအစဉ်တွင် ထည့်သွင်းလျှောက်ထားခွင့်ပြုပြီး ထူးချွန်ဆုများကို ယနေ့အထိ ဆက်လက်ချီးမြှင့်ပေးခဲ့ပါကြောင်း။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစပြီး အစီအစဉ်သစ်အနေဖြင့် Naypyitaw State Academy တွင် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများကိုလည်း ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့နည်းတူ ထူးချွန်ဆုများ ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း။

ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ Naypyitaw State Academy နှင့် စီးပွားရေးတက္ကသိုလ်များရှိ ဝိဇ္ဇာဘာသာရပ်များဖြစ်သည့် စီးပွားရေးပညာဘာသာရပ်နှင့် ဥပဒေပညာ ဘာသာရပ်၊ သိပ္ပံဘာသာရပ်များဖြစ်သည့် သင်္ချာ၊ ဓာတုနှင့် ရူပဗေဒဘာသာရပ်များတွင် ထူးချွန်သူများကို ဘွဲ့ကြို၊ ဘွဲ့လွန် (မဟာဘွဲ့နှင့် ပါရဂူဘွဲ့) ရရှိပြီးသည်အထိ ပညာသင်စရိတ်ထောက်ပံ့ပေးမည်ဖြစ်ပြီး ပညာသင်စဉ်ကာလအတွင်း ပြည်ပပညာသင်စေလွှတ်ရန် ပေါ်ပေါက်လာသည့်အခါ ဦးစားပေးစေလွှတ်သွားမည်ဖြစ်ပါကြောင်း၊ ဘွဲ့လွန်ဘွဲ့များကိုလည်း ပြည်ပမှ ပညာသင်စရိတ်ထောက်ပံ့သည့်အစီအစဉ် (သို့မဟုတ်) နိုင်ငံတော်အစီအစဉ်ဖြင့်လည်း ဦးစားပေးစေလွှတ်သွားမည်ဖြစ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ထူးချွန်ကျောင်းသားများနှင့် ထူးချွန်ဆုပေးအပ်သည့် အစီအစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ အားသာချက်၊ အားနည်းချက်များအပေါ် သုံးသပ်ပြီး ပိုမိုထိရောက်သည့် ချီးမြှင့်မည့်အစီအစဉ်များကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထူးချွန်ကျောင်းသား ကျောင်းသူများကို ထိရောက်စွာ အားပေးချီးမြှင့်ခြင်းအားဖြင့် ဘာသာရပ်အသီးသီးတွင် ကျောင်းသား ကျောင်းသူများ၏ တက်ကြွစွာ ပညာသင်ယူလိုစိတ်ကို ပိုမိုအားပေးမြှင့်တင်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက် လိုအပ်နေသည့် လူစွမ်းအားအရင်းအမြစ်များကို ပျိုးထောင်မြှင့်တင်ရေး အလေးထားဆောင်ရွက်လျက်ရှိနေသည့်အတွက် အဆိုအား မှတ်တမ်းအဖြစ်ထားရှိပေးပါရန် လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင် တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အဆိုအပေါ် မှတ်တမ်းတင် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို အောက်တိုဘာ ၁၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

*စာမျက်နှာ ၉ မှ*

အဓိကတာဝန်ယူဆောင်ရွက်ပေးနေသော ဌာနဖြစ်ကြောင်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု၊ ကျွမ်းကျင်သူနှင့် မွေးဖွားမှုနှင့် ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ရာခိုင်နှုန်းကောင်းမွန်ပြီး ကျန်းမာရေးဝန်ထမ်းအင်အား ၁၂ ဦးဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူဦးရေ ၂၀၀၀၀ ကျော်ကို ကျန်းမာရေးလွှမ်းခြုံမှု ဆောင်ရွက်ပေးနေသော ကျူချောင်ကျေးလက်ကျန်းမာရေးဌာနသည် တရားဝင်မြေပိုင်ဆိုင်ခွင့်၊ မြေပုံစံ(၁၀၅/၁၀၆)အပါအဝင် စုစုပေါင်းမြေဧရိယာ ၁ ဒသမ ၁၀ ဧက အဆင်သင့်ရှိနေပြီး လက်ရှိစံကိုက်အဆောက်အအုံမဟုတ်ခြင်း၊ ဝန်ထမ်းများနေထိုင်ရန် ဝန်ထမ်းအိမ်ရာလိုအပ်ခြင်းတို့ကြောင့် စံကိုက်ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံအသစ်ရရှိရေး (၂၀၂၇-၂၀၂၈) ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပြီးဖြစ်ကြောင်း ဖြေကြားသည်။

**တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးဉာဏ်ထွန်း၏ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် မင်းဂုတ်ကျေးရွာအုပ်စု မင်းဂုတ် - ဂျိုးတောင်ရွာလမ်းမ၏ အလယ်မှ ခမောင်းဒိုင်းကွင်းသို့ ဆက်သွယ်ဖောက်လုပ်ထားသော ပေ ၂၅၀၀ ရှိ ကုန်ထုတ်လမ်းအား မြေသားလမ်းမှ ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်နှင့် ၎င်းကုန်ထုတ်လမ်းအလယ်ရှိ (၁၂ ပေ x ၁၀ ပေ x ၇ ပေ)ရှိ သံကူကွန်ကရစ်တံတားတစ်ခုကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိုက်စိုးက ကျွန်းစုမြို့နယ် မင်းဂုတ်ကျေးရွာအုပ်စု မင်းဂုတ်ကျေးရွာကုန်ထုတ်လမ်းသည် အရှည် ၄ ဖာလုံရှိ မြေသားလမ်းဖြစ်ပြီး လက်ရှိလမ်း အကျယ်မှာ ၁၂ ပေခန့် ရှိပါကြောင်း၊ လိုအပ်သော လမ်းအကျယ်ရရှိရန်ညှိနှိုင်းပြီး အကြိုအင်ဂျင်နီယာလုပ်ငန်းများ ကွင်းဆင်းတိုင်းတာခြင်း၊ လမ်းဒီဇိုင်းပုံထုတ်ခြင်း၊ အသေးစိတ်ခန့်မှန်းခြေတွက်ချက်ခြင်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း။

မြေပြင်စစ်ဆေးချက်အရ ကုန်ထုတ်လမ်း ၄ ဖာလုံနှင့် Box Culvert ၁ စင်းဆောင်ရွက်ပေးနိုင်ရန် ၂၀၂၇-၂၀၂၈ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကုန်ထုတ်လမ်းအဆင့်ကို မြေနီ၊ ကျောက်စရစ်၊ ရိစာအဆင့်သာ ဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အတွက် ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

**ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ဦးအောင်တင်မြင့်၏ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ကျူတန်း - ထိန်တပင်- ပေပင်-ကုလားကွင်း ကျေးရွာချင်းဆက်လမ်း ပေ ၂၈၄၀၀ ရှိ ကျေးရွာချင်းဆက်လမ်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်ရှိ ကျူတန်း-ထိန်တပင်-ပေပင်- ကုလားကွင်း ကျေးရွာချင်းဆက်လမ်းသည် ကွန်ကရစ်လမ်း ၁ မိုင် ၀ ဒသမ ၇ ဖာလုံ၊ ကွန်ကရစ်ဘီးလမ်း ၂ မိုင် ၁ ဒသမ ၈ ဖာလုံ၊ ကျောက်လမ်း ၁ မိုင်၊ မြေသားလမ်း ၃ မိုင် ၀ ဒသမ ၅၉ ဖာလုံ စုစုပေါင်းလမ်းအရှည် ၇ မိုင် ၃ ဒသမ ၀၉ ဖာလုံရှိပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်၊ ပြည်ထောင်စုမှ စီမံခန့်ခွဲသော Class-B အဆင့်လမ်းဖြစ်ပါကြောင်း၊ ကျူတန်း-ထိန်တပင် ပြုပြင်ရန် လိုအပ်သောလမ်းပိုင်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေ အကန့်အသတ်ဘောင်အတွင်းမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ကျောင်းသား ကျောင်းသူများ စာသင်ကျောင်းသို့ သွားလာရန် ထိန်တပင်-ပေပင်ကြား မြေသားလမ်းပိုင်းကို ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်း ၄ ဖာလုံ လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

**ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မာလာဆန်း၏ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နှင့် အောင်ပန်းမြို့တို့၏ မြို့ပြ/ကျေးလက်ဒေသများ နွေရာသီတွင် ကြုံတွေ့နေရသည့် သောက်သုံးရေပြတ်လပ်မှုပြဿနာကို ရေရှည်ဖြေရှင်းနိုင်ရန်အတွက် ကလော - အောင်ပန်း ရေပေးဝေရေးစီမံကိန်းအား ပြည်ထောင်စုအစိုးရ၏ ရန်ပုံငွေဖြင့် အထူးဦးစားပေးစီမံကိန်း (Priority Project) ထည့်သွင်းလျက် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က ကလောမြို့သည် မြို့ပေါ်ရပ်ကွက် ၁၁ ခုရှိပြီး တစ်ရက်ရေလိုအပ်ချက်မှာ ဂါလန် ၇ ဒသမ ၅ သိန်းဖြစ်ကြောင်း၊ လက်ရှိတွင် ရေထွက် ၃ ခုဖြစ်သော ရေအေးကန်ဆည်၊ အင်းပြင်ရေထွက်နှင့် ခနောက်စိမ်းရေထွက်တို့မှ စုစုပေါင်းတစ်နေ့ရေဂါလန် ၆ ဒသမ ၂ သိန်းကို အိမ်သွယ်ရေတိုင် ၁၉၄၉ တိုင်ဖြင့် ပေးဝေလျက်ရှိပြီး လွှမ်းခြုံမှုရာခိုင်နှုန်း ၈၂ ရာခိုင်နှုန်း ရှိပါကြောင်း။

အောင်ပန်းမြို့သည် မြို့ပေါ်ရပ်ကွက် ၁၂ ခုရှိပြီး တစ်ရက်ရေလိုအပ်ချက်မှာ ဂါလန် ၇ ဒသမ ၇၅ သိန်းဖြစ်ကြောင်း၊ လက်ရှိတွင် ငါးကြောင်အိုင်ဆည် ရေထွက်နှင့် နန့်အွန်ရေထွက်တို့မှ ရေဖြန့်ဝေပေးခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး တစ်ရက်လျှင် ရေဂါလန် ၄ ဒသမ ၅ သိန်းကို အိမ်သွယ်ရေတိုင် ၁၉၉၂ တိုင်ဖြင့် ပေးဝေလျက်ရှိကာ လွှမ်းခြုံမှုရာခိုင်နှုန်း ၅၈ ရာခိုင်နှုန်း ရှိပါကြောင်း။

ကလောမြို့နှင့် အောင်ပန်းမြို့များသို့ သန့်ရှင်းသော သောက်သုံးရေ ရာနှုန်းပြည့်တိုးချဲ့ပေးဝေနိုင်ရေး လုပ်ငန်းကို မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နိုင်ရန် စိတ်ဝင်စားမှုအဆိုပြုလွှာ Expression Of Interest (EOI)ခေါ်ယူခဲ့ရာ ONOP AKH Corporation လီမိတက်က EOI အောင်မြင်ခဲ့သဖြင့် စာချုပ် ချုပ်ဆိုနိုင်ရေး စာချုပ်(မူကြမ်း) ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ တိုးချဲ့ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကလောမြို့၏ တစ်ရက်ရေလိုအပ်မှု ဂါလန် ၁ ဒသမ ၃ သိန်းနှင့် အောင်ပန်းမြို့၏ တစ်ရက်ရေလိုအပ်မှု ဂါလန် ၃ ဒသမ ၂၅ သိန်းတို့ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် ကလောမြို့နှင့် အောင်ပန်းမြို့တို့၏ နွေရာသီတွင် ကြုံတွေ့နေရသည့် သောက်သုံးရေပြတ်လပ်မှုပြဿနာကို ဖြေရှင်းပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၁) ဦးစိုးကြည်၏ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြိတ်တောင်ရပ် မြို့မ(၁) ရပ်ကွက်ရှိ ချောင်းကမ်းလမ်း၊ ဇီဇဝါလမ်း၊ သစ္စာလမ်းနှင့် မြို့မ(၂)ရပ်ကွက်ရှိ ခိုင်စံပယ်လမ်း၊ ငွေစိန်ခြယ်လမ်းတို့အား လက်ရှိမြေသားလမ်းများမှ ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်၍ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍** နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က တနင်္သာရီတိုင်းဒေသကြီး မြိတ်တောင်ရပ် မြို့မ(၁)ရပ်ကွက်ရှိ ချောင်းကမ်းလမ်းသည် အရှည် ပေ၂၁၀၀ ရှိပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ချောင်းကမ်းလမ်း အရှည် ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ၊ ထု ၇ လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား ခန့်မှန်းကုန်ကျငွေကျပ် ၁၆၈ ဒသမ ၄၃ သန်းဖြင့် လျာထားခဲ့ပြီး ကျန်ရှိသောအပိုင်းကို နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြို့မ(၁)ရပ်ကွက် ဇီဇဝါလမ်းသည် အလျားပေ ၁၃၀၀၊ သစ္စာလမ်းသည် အလျားပေ ၄၅၀ ရှိပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဘဏ္ဍာရေးနှစ်အလိုက် လျာထားတင်ပြသွားမည်ဖြစ်ကြောင်း။

ထို့အတူ မြို့မ(၂) ရပ်ကွက် ခိုင်စံပယ်လမ်း အရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ ထု ၇ လက်မနှင့် ငွေစိန်ခြယ်လမ်း အရှည်ပေ ၄၅၀၊ အကျယ် ၁၂ ပေ၊ ထု ၇လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ လျာထားတင်ပြသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ - ဂျပန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းဖွဲ့စည်းခွင့်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် မြန်မာ-ဂျပန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ မြန်မာ - ဂျပန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် ဥက္ကဋ္ဌအဖြစ် မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၅) ဦးမောင်မောင်မြင့်နှင့် အတွင်းရေးမှူးအဖြစ် တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဝင်းသိန်းတို့အပါအဝင် အဖွဲ့ဝင် ခုနစ်ဦး၏ အမည်စာရင်းကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် မြန်မာ-ဂျပန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် ပါဝင်မည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)ဒေါ်နွယ်နွယ်ဦးက ဖတ်ကြားတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ သဘောထားရယူ၍ အတည်ပြုသည်။

ဆက်လက်၍ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က တစ်ပိုဒ်ချင်းအလိုက် အတည်ပြုဆုံးဖြတ်ခြင်း ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အတွက် အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းရာ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉)မှ ဒေါ်သီဂီဝင်းရွှေက ထောက်ခံဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်းကိုအတည်ပြုရန် အမျိုးသားလွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို အောက်တိုဘာ ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

# ၂၀၂၆ ခုနှစ် (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဌမနေ့တွင် ကျောက်စိမ်းအတွဲ ၄၁၂ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၁၅**

၂၀၂၆ ခုနှစ် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များဖြင့် အထူးစည်ကားလျက်ရှိသည်။



နံနက်ပိုင်းမှစတင်၍ ပြည်တွင်းရတနာကုန်သည်များသည် MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန်အတွက် ခင်းကျင်းပြသထားသည့် အုပ်စု (စီ)မှ ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ပြပွဲတွင် အုပ်စု (အေ) နှင့် အုပ်စု (ဘီ) မှ ကျောက်စိမ်း အတွဲများအနက် အတွဲအမှတ် (၁၁၀၁) မှ (၁၆၀၅) အထိ ဈေးနှုန်း တင်သွင်းလွှာများကို တာဝန်ရှိသူများက စစ်ဆေးကာ ကျောက်စိမ်း အတွဲပေါင်း ၄၁၂ တွဲ ရောင်းချခဲ့ရကြောင်း ကြေညာပေးသည်။

ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်း ခန်းမအတွင်း ကျောက်ခင်းကွင်းနယ်မြေအလိုက် ကျောက်စိမ်း အတွဲများ ခင်းကျင်းပြသထားရှိမှု၊ ပြည်တွင်း ရတနာကုန်သည်များက အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းပေးသွင်းလွှာများအား တင်ဒါပုံးများအတွင်း ထည့်သွင်းနေမှုနှင့် တင်ဒါအောင်မြင်သည့် ကျောက်စိမ်းအတွဲများ အောင်စာရင်းထုတ်ပြန်ကြေညာနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပြပွဲနဝမနေ့တွင် အုပ်စု(စီ) မှ ကျောက်စိမ်း အတွဲများအနက် အတွဲအမှတ် (၁၆၀၆) မှ (၂၃၅၅) အထိကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပြီး အဆိုပါကျောက်စိမ်းအတွဲများအတွက် ရောင်းချရသည့် အတွဲများကိုလည်း ကြေညာပေးသွားမည်ဖြစ်ကာ ၂၀၂၆ ခုနှစ် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၁၇ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို အောင်မြင်စွာကျင်းပနိုင်ရေး နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အကျိုးစီးပွားဖြစ်ထွန်းစေရန် ကြိုးစားဆောင်ရွက်လျက်ရှိသကဲ့သို့ အဖိုးတန် ကျောက်မျက်သယံဇာတများကို ရေရှည်တည်တံ့စေမှုနှင့် မြန်မာ့ရေ၊ မြေ အလှတရားများကို ထာဝစဉ်တည်တံ့စေရန် သယံဇာတစီမံခန့်ခွဲမှုလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၅**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ Video Message ပေးပို့မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ကော်မတီအဖွဲ့ဝင်များ၊ NSPNC အကြံပေးအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသည့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ ဒီမိုကရေစီ အကျိုးပြုကရင်တပ်မတော်(DKBA)၊ ကရင်အမျိုးသား အစည်းအရုံး/ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်-ငြိမ်းချမ်းရေးကောင်စီ(KNU/KNLA-PC)၊ လားဟူ ဒီမိုကရက်တစ် အစည်းအရုံး (LDU)၊ မွန်ပြည်သစ်ပါတီ (NMSP)နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် ဗဟိုကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**အဖွင့်မိန့်ခွန်းပြောကြား**

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က Video Message ဖြင့် အဖွင့်မိန့်ခွန်း ပြောကြားသည်။ **(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ အဖွင့်မိန့်ခွန်းကို စာမျက်နှာ ရှေ့၊ ၃၊ ၄ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်က NCA (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အမှာစကားပြောကြားသည်။

ယင်းနောက် အစိုးရအဆက်ဆက် ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် NCA လက်မှတ်ရေးထိုးပြီးနောက် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်မှုများအား Video Clip ဖြင့် အကျဉ်းချုံးရှင်းလင်းတင်ပြသည်။

ဆက်လက်၍ NCA လက်မှတ်ရေးထိုး ပွဲ၌ နိုင်ငံတကာအသိသက်သေကိုယ်စား လှယ်အဖြစ်ပါဝင်ခဲ့သော တရုတ်၊ အိန္ဒိယ နှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များက Video Message ဖြင့် NCA အထိမ်းအမှတ် စကား ပြောကြားကြသည်။

ထို့နောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တွင် ပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူ များနှင့် NCA လက်မှတ်ရေးထိုးပွဲ၌ ပါဝင် ခဲ့ကြသော အသိသက်သေများဖြစ်ကြ သည့် ကရင်တိုင်းရင်းသား ခေါင်းဆောင် စောမူတူးစေးဖိုး၊ UPWC ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး(အငြိမ်းစား)၊ ညှိနှိုင်း ရေးကော်မတီအကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်မင်းနှင့် UPWC ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး(အငြိမ်းစား)၊ ညှိနှိုင်း ရေးကော်မတီ အကြံပေးအဖွဲ့ဝင် ဦးသိန်းဇော်တို့က NCA အထိမ်းအမှတ် အမှတ်တရစကားများ ပြောကြားကြသည်။

ယင်းနောက် NCA လက်မှတ်ရေးထိုး ထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်ကြသည့် ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP)၊ ဒီမိုကရေစီ အကျိုးပြုကရင်တပ်မတော် (DKBA)၊ ကရင်အမျိုးသားအစည်းအရုံး/ ကရင် အမျိုးသားလွတ်မြောက်ရေးတပ်မတော်- ငြိမ်းချမ်းရေးကောင်စီ (KNU/ KNLA-PC)၊ လားဟူ ဒီမိုကရက်တစ်အစည်းအရုံး (LDU)၊ မွန်ပြည်သစ်ပါတီ (NMSP) နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့မှ ခေါင်းဆောင်များက NCA အထိမ်းအမှတ် အမှတ်တရစကားများ ပြောကြားကြသည်။

ဆက်လက်၍ NCA လက်မှတ်ရေးထိုး နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ NCA စာချုပ်လက်မှတ်ရေးထိုး ခဲ့စဉ်က ကိုယ်တိုင်ပါဝင်လက်မှတ်ရေး ထိုးခဲ့ကြသော ပုဂ္ဂိုလ်များ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင်ပံ့ပိုး ကူညီ ပေးခဲ့ကြသူများနှင့် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့ခေါင်းဆောင်များအား NCA (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့ဂုဏ်ပြု လက်ဆောင်များကို ပေးအပ်ချီးမြှင့်၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဂုဏ်ပြု နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

မွန်းလွဲပိုင်းတွင် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၁၁) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် **"ငြိမ်းချမ်းရေး၊ လူမှုသဟဇာတဖြစ်ရေးမှ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့"** အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပ သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်း ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်း ရေးကော်မတီအတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေး ကော်မတီဝင်များ၊ NSPNC အကြံပေး အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ် များ၊ တပ်မတော်အငြိမ်းစားအရာရှိကြီး များ၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုး ထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင် ဆောင်ရွက်သူများ၊ ပါဝင်သင့်ပါဝင်ထိုက် သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင် များ၊ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့ အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အသင်း အဖွဲ့ကိုယ်စားလှယ်များနှင့် မီဒီယာများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အလုပ်ရုံ ဆွေးနွေးပွဲကို "ငြိမ်းချမ်းရေး၊ လူမှုသဟ ဇာတဖြစ်ရေးမှ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့" ဆောင်ပုဒ်ဖြင့် (၂)ရက်တာ နိုင်ငံရေး အနှစ်သာရရှိရှိ ကျင်းပသွားမည်ဖြစ် ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ တွင် **"NCA မှ အတွေ့အကြုံ၊ အောင်မြင်မှုနှင့် စိန်ခေါ်မှုများကို ပြန်လည်သုံးသပ်၍ အနာဂတ်ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အတွက် နည်းလမ်းများဖော်ထုတ်ခြင်း"** ခေါင်းစဉ်၊ ဒုတိယနေ့တွင် အဖွဲ့(၂)ဖွဲ့ ခွဲပြီး အဖွဲ့(၁)က **"ပဋိပက္ခဖြစ်ပွားနေသော ဒေသများတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး နှင့် လူမှုသဟဇာတဖြစ်ထွန်းရေးအတွက် လက်တွေ့ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ ဖော်ထုတ်လေ့လာခြင်း"** ခေါင်းစဉ်၊ အဖွဲ့(၂)က **"ငြိမ်းချမ်းရေးနှင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ရေရှည်အသက်မွေးဝမ်းကျောင်း အခွင့် အလမ်းများမြှင့်တင်မှုအကြား အပြန် အလှန်ဆက်နွှယ်မှု နည်းလမ်းများ ဖော်ထုတ်ခြင်းနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များနှင့် အကူအညီများ ထိရောက်စွာဆောင်ရွက် နိုင်ရေး"** ခေါင်းစဉ်များဖြင့် ဆွေးနွေးသွား ကြမည်ဖြစ်ကြောင်း၊ ဆွေးနွေးရာတွင် အကောင်အထည် ဖော်နိုင်ခဲ့မှုများ၊ အောင်မြင်မှုများ၊ သင်ခန်းစာများ၊ အချင်း ချင်း အမြင်သဘောထားများ၊ အတွေ့ အကြုံများ မျှဝေဖလှယ်ခြင်းဖြင့် အလွတ် သဘော ကျယ်ပြန့်စွာ ဆွေးနွေးစေလို ကြောင်း၊ မတူကွဲပြားသည့် တိုင်းရင်းသား လူမျိုးများ၊ ဘာသာစကားများ၊ ကိုးကွယ် ယုံကြည်မှုများနှင့် ယဉ်ကျေးမှုဓလေ့ ထုံးတမ်းများ စုစည်းတည်ရှိနေသည့် မိမိတို့ပြည်ထောင်စု နိုင်ငံတော်အတွင်း ပဋိပက္ခ၏ အဓိကဇာစ်မြစ်ဖြစ်သည့် သံသယများကိုကျော်လွှားနိုင်ရန် လူမှု သဟဇာတဖြစ်မှုကို တည်ဆောက်သွားရ မည်ဖြစ်ကြောင်း၊ သတိထားရမည့် စိန်ခေါ်မှုများနှင့် အနာဂတ်တွင်ပေါ်ပေါက် လာနိုင်မည့် ခြိမ်းခြောက်မှုများကိုသိရှိပြီး ငြိမ်းချမ်းရေးတွင် ပါဝင်သူများအကြား ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့် တည်ဆောက်သွားကြရန်လို ကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာကြသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့ကြ သူများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ် အဖွဲ့မှကိုယ်စားလှယ်များနှင့် အခြား ဖိတ်ကြားထားသည့် ဧည့်သည်တော်များ က **"NCA မှ အတွေ့အကြုံ၊ အောင်မြင်မှုနှင့် စိန်ခေါ်မှုများကို ပြန်လည်သုံးသပ်၍ အနာဂတ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အတွက် နည်းလမ်းများ ဖော်ထုတ်ခြင်း"** ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ သဘာပတိ အဖြစ် ဦးအောင်နိုင်ဦးက ဆောင်ရွက်ပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား)၊ ဦးလှမောင်ရွှေ နှင့် RCSS မှ စဝ်စိုင်းငင်းတို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးရာတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို NCA ပါပြဋ္ဌာန်းချက်များ အတိုင်း အကောင်အထည်ဖော်ဆောင် ရွက်ခဲ့မှုနှင့်ပတ်သက်၍ သင်ခန်းစာ ဖော်ထုတ်ရေး၊ NCA အနှစ်သာရနှင့် NCA ပါအခြေခံမှုများကိုထိန်းသိမ်းပြီး လက်ရှိ အခြေအနေနှင့်ကိုက်ညီအောင် ဆွေးနွေး ညှိနှိုင်းဆောင်ရွက်နိုင်ရေး၊ မတူကွဲပြား သည့် သက်ဆိုင်သူများအကြား ဆက်ဆံ ရေးကောင်းမွန်လာပြီး ယုံကြည်လက်ခံ နိုင်သော ပေါင်းစည်းချိတ်ဆက်မှုဖြင့် ယုံကြည်မှုတည်ဆောက်ရေး၊ ယုံကြည်မှု ပြန်လည်တည်ဆောက်ခြင်းနှင့် ချိတ် ဆက်နိုင်သော နိုင်ငံရေးဆွေးနွေးမှုများ ပြုလုပ်သွားရေးတို့နှင့် ပတ်သက်ပြီး သဘောထားအမြင်များအား ရင်းနှီး ပွင့်လင်းစွာဆွေးနွေးကြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲ သဘာပတိက နိဂုံးချုပ်ပြန်လည်သုံးသပ် ဆွေးနွေးပြီး ပထမနေ့ အလုပ်ရုံဆွေးနွေးပွဲ ကို ရုပ်သိမ်းလိုက်သည်။

ဒုတိယနေ့ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာလ ၁၆ ရက်တွင် ဆက် လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရ သည်။ **သတင်းစဉ်**

---

❂ *ကျော့ဖုံးမှ*

ပဒုမ္မာကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ် တွင် VUE နေပြည်တော်အသင်းက မနော အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ VUE နေပြည်တော်အတွက် ဂိုးများကို ပွဲချိန် ၁၇ မိနစ်တွင် အောင်ပြည့်ဖြိုးနှင့် မိနစ် ၈၀ မင်းမင်းသူတို့က သွင်းယူပေးခဲ့ပြီး မနော အသင်း၏ချေပဂိုးကို အချိန်ပို ၉၀+၃ မိနစ်တွင် ခိုင်ပူက သွင်းယူပေးခဲ့သည်။

YUSC ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် ရာမညယူနိုက်တက်အသင်းက Asia Lion အသင်းကို သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ သည်။ ရာမညယူနိုက်တက်အတွက် ဦးဆောင် ဂိုးကို အာကာကျော် (၃၅ မိနစ်)၊ စန်းမြင့်နိုင် (၃၈ မိနစ်)နှင့် စောထူးဝေလျှံအောင် (၆၈ မိနစ်) တို့က သွင်းယူပေးခဲ့ပြီး Asia Lion အသင်း အတွက် ချေပဂိုးကို ထွန်းလင်းဦး (၅၈ မိနစ်) က သွင်းယူပေးခဲ့သည်။ AYA Pay Player of The Match ဆုကို ရာမညယူနိုက်တက်အသင်းမှ စောထူးဝေလျှံအောင်က ရရှိခဲ့သည်။

တက္ကသိုလ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်၌ ယူနီဗာစတီအသင်းက Elite Kings အသင်းကို ကိုးဂိုး - ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိ ခဲ့သည်။ ယူနီဗာစတီအသင်းအတွက် အနိုင်ဂိုး များကို ရှိုင်းထက်အောင်(၁) (၁၅ မိနစ်)၊ အောင်မြင့်မြတ် (၂၆၊ ၃၆၊ ၅၂ မိနစ်)၊ ဝင်းဝင်း ထွန်း (၄၃၊ ၅၆ မိနစ်)၊ MYU DAN HKUNG (၆၂ မိနစ်)၊ ရှိုင်းထက်အောင်(၂) (၇၅ မိနစ်)နှင့် သန်းထက်မိုး (၉၀+၃ မိနစ်) တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။ AYA Pay Player of the Match ဆုကို ယူနီဗာစတီအသင်းမှ အောင်မြင့်မြတ်က ရရှိခဲ့သည်။ အပတ်စဉ် (၁) ဒုတိယနေ့ပွဲစဉ်အဖြစ် အောက်တိုဘာ ၁၆ ရက် တွင် တက္ကသိုလ်ကွင်း၌ Enjoy Brother FC နှင့် Royal Dagon FC အသင်းတို့ ယှဉ်ပြိုင် မည်ဖြစ်သည်။ **နေမျိုး၊ ဓာတ်ပုံ-MLII**

❒ *ကျော့ဖုံးမှ*

နှစ်ဂိုး - တစ်ဂိုး၊ ရတနာပုံက မြဝတီကို နှစ်ဂိုး - ဂိုးမရှိ၊ သစ္စာအားမာန်က ရောဝတီယူနိုက်တက်ကို သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး စစ်ကိုင်းနှင့် ချင်းလန်းမှာ တစ်ဂိုး-တစ်ဂိုး၊ ISPE နှင့် ဒဂုံစတားမှာ နှစ်ဂိုး-နှစ်ဂိုးဖြင့် သရေကျခဲ့ကြသည်။

အပတ်စဉ်(၃) ပွဲစဉ်များအပြီးတွင် ဒဂုံစတားယူနိုက်တက်၊ ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်းတို့က ရမှတ် ခုနစ်မှတ်စီဖြင့် အမှတ်ပေးဇယားထိပ်ဆုံး၌ ဦးဆောင်နေသည်။ **နေမျိုး**

**အားကစားမြင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# အရင်တုန်းက သဘောတူခဲ့တဲ့ NCA ပုံစံအတိုင်း တကယ့်လက်တွေ့ကျတဲ့ အနာဂတ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဒီအခမ်းအနားကနေ စတင်ဖော်ဆောင်နိုင်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်အတွက် များစွာအကျိုးရှိလိမ့်မယ်လို့ ခံစားမိပါတယ်

စောကျော်ညွန့်(ပြောရေးဆိုခွင့်ရှိသူ၊ 7 EAO Alliance)

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၁၁) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် "ငြိမ်းချမ်းရေး၊ လူမှုသဟဇာတဖြစ်ရေးမှ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့" အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသည့် ငြိမ်းချမ်းရေးလိုလားသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်-



ဗိုလ်မှူးကြီး ဝဏ္ဏအောင်



စောကျော်ညွန့်



ဦးကပ်လမ်ခုပ်



ဦးအောင်စိုးမိုး

**ဗိုလ်မှူးကြီး ဝဏ္ဏအောင်(တွဲဖက်အတွင်းရေးမှူး အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ)**

NCA ဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလုပ်ငန်းစဉ်အပါအဝင် နိုင်ငံရေးဆွေးနွေးပွဲတွေကျင်းပဖို့ ယန္တရားနဲ့ လမ်းပြမြေပုံတွေ ပါဝင်ပါတယ်။ NCA မှာ အဓိကအနေနဲ့ ဘုံရည်မှန်းချက်အဖြစ် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်တွေနဲ့အညီ တည်ဆောက်သွားမယ်ဆိုပြီး ပါရှိတဲ့အတွက် ကောင်းမွန်ပြည့်စုံတဲ့ စာချုပ်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့်လည်း NCA ကို အခြေခံပြီး တွေ့ဆုံဆွေးနွေးမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် နှစ်ပတ်လည်နေ့ အခမ်းအနားတွေကိုလည်း နှစ်စဉ် နိုင်ငံရေးအနှစ်သာရရှိရှိနဲ့ ကျင်းပပြုလုပ်နေတာပဲ ဖြစ်ပါတယ်။

အရင်ကျင်းပခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွေမှ ပြည်ထောင်စုသဘောတူစာချုပ်အဖြစ် သဘောတူညီချက် (၇၂) ချက်ရခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၁ခုနှစ် နဲ့ ၂၀၂၅ ခုနှစ်အတွင်းမှာတော့ အဲဒီအချက်တွေထဲကနေ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်မယ့်အချက်တွေကို ထုတ်နုတ်ဆွေးနွေးခဲ့ကြရာမှာ ပြင်ဆင်ဖြည့်စွက်ဖို့ (၄၃) ချက် သဘောတူညီမှုရရှိခဲ့ပါတယ်။ အခုပြည်ထောင်စုလွှတ်တော်ကနေ ဆက်လက်ဆွေးနွေးဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါဟာ တွေ့ဆုံဆွေးနွေးမှုတွေကနေ တစ်ဆင့် နိုင်ငံအတွက် ထူးခြားတဲ့ ရလဒ်ပဲဖြစ်ပါတယ်။

အခုကျင်းပမယ့် NCA (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနဲ့ တစ်ဆက်တည်းမှာပဲ အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲကို "ငြိမ်းချမ်းရေး၊ လူမှုသဟဇာတဖြစ်ရေးမှ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ (From Peace, Social Cohesion to Development)" ဆိုတဲ့ ဆောင်ပုဒ်နဲ့ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၅ ရက်နဲ့ ၁၆ ရက်တွေမှာ NSPNC က ဦးစီးပြီး နိုင်ငံရေးအနှစ်သာရရှိရှိ ကျင်းပသွားမှာဖြစ်ပါတယ်။

အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့မှာ "NCA မှ အတွေ့အကြုံ၊ အောင်မြင်မှုနှင့် စိန်ခေါ်မှုများကို ပြန်လည်သုံးသပ်၍ အနာဂတ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် နည်းလမ်းများဖော်ထုတ်ခြင်း" ခေါင်းစဉ်နဲ့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒုတိယနေ့မှာတော့ အဖွဲ့နှစ်ဖွဲ့ခွဲပြီး ဆွေးနွေးကြမှာပါ။ အဖွဲ့ (၁) အနေနဲ့ "ပဋိပက္ခဖြစ်ပွားနေသော ဒေသများတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုသဟဇာတ ဖြစ်ထွန်းရေးအတွက် လက်တွေ့ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ ဖော်ထုတ်လေ့လာခြင်း" ခေါင်းစဉ်နဲ့ ဆွေးနွေးမှာဖြစ်ပြီး အဖွဲ့ (၂) ကတော့ "ငြိမ်းချမ်းရေးနှင့် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ရေရှည်အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ မြှင့်တင်မှုအကြား အပြန်အလှန်ဆက်နွှယ်မှုနည်းလမ်းများ ဖော်ထုတ်ခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလိုအပ်ချက်များနှင့် အကူအညီများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး" ဆိုတဲ့ ခေါင်းစဉ်တွေနဲ့ အမြင်ချင်းဖလှယ်ပြီး အလွတ်သဘော ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသွားကြမှာပါ။

ဒီအလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ NCA မှာ ရရှိခဲ့တဲ့ အတွေ့အကြုံတွေထဲကနေ အောင်မြင်မှုနဲ့ စိန်ခေါ်မှုတွေကို ပြန်လည်သုံးသပ်ပြီး အနာဂတ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် နည်းလမ်းတွေ ဖော်ထုတ်ဖို့၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနဲ့ လူသားချင်းစာနာမှု အကူအညီတွေကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ဖို့၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ ညှိနှိုင်းဖြေရှင်းပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲ တွေအောင်မြင်စွာဆောင်ရွက်နိုင်ဖို့ ရည်ရွယ်တာ ဖြစ်ပါတယ်။

ဒီဆွေးနွေးပွဲကို တက်ရောက်ဖို့ NSPNC ကော်မတီဝင်တွေ၊ အကြံပေးအဖွဲ့ဝင်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ JMC ကိုယ်စားလှယ်တွေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်ဆောင်ရွက်နေသူတွေအပြင် အခြားဖိတ်ကြားသင့်သူတွေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ကိုယ်စားလှယ်တွေ၊ နိုင်ငံရေးပါတီများအစုအဖွဲ့ရဲ့ အလုပ်အဖွဲ့ ကိုယ်စားလှယ်တွေ၊ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းတွေက ညွှန်ကြားရေးမှူးချုပ်တွေနဲ့ မီဒီယာများက အယ်ဒီတာချုပ်တွေကို ဖိတ်ကြားပြီး အလုပ်ရုံဆွေးနွေးပွဲမှာ အတွေ့အကြုံတွေ၊ အမြင်ချင်းတွေကို ဖလှယ်၍ အလွတ်သဘော ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသွားကြမှာပဲဖြစ်ပါတယ်။

**စောကျော်ညွန့် (ပြောရေးဆိုခွင့်ရှိသူ၊ 7 EAO Alliance)**

ဒီနေ့ ကျင်းပတဲ့ (၁၁)နှစ်မြောက် NCA နှစ်ပတ်လည်နေ့ အခမ်းအနားဟာ အနှစ်သာရ အပြည့်အဝရှိပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူလူထုတစ်ရပ်လုံးအတွက် ငြိမ်းချမ်းရေးဆိုတာ မဖြစ်မနေရယူရမယ့် အရေးတကြီး လိုအပ်ချက်ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၁၁ နှစ်က ချုပ်ဆိုခဲ့တဲ့ NCA လမ်းကြောင်းအတိုင်း ပြန်သွားဖို့ဆိုတာ လက်ရှိအခြေအနေအရ ခက်ခဲနိုင်တယ်ဆိုတာကိုလည်း အားလုံးနားလည်ပြီးသားပါ။ ဒါကြောင့် အရင်တုန်းက သဘောတူခဲ့တဲ့ NCA ပုံစံအတိုင်း တကယ့်လက်တွေ့ကျတဲ့ အနာဂတ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဒီအခမ်းအနားကနေ စတင် ဖော်ဆောင်နိုင်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်အတွက် များစွာ အကျိုးရှိလိမ့်မယ်လို့ ခံစားမိပါတယ်။

**ဦးကပ်လမ်ခုပ်(ကိုယ်စားလှယ်၊ ဗိုမီးနိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ)**

NCA ဆိုတာ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် အမှန်တကယ်လိုအပ်ပါတယ်။ လက်ရှိမှာ နိုင်ငံရဲ့ နေရာဒေသအချို့မှာ မငြိမ်းချမ်းသေးတဲ့အနေအထားဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မှသာ နိုင်ငံရဲ့ အနာဂတ်၊ ပြည်သူတွေရဲ့ လုံခြုံရေးနဲ့ လူမှုစီးပွားဘဝတွေအားလုံး အဆင်ပြေသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရဘက်ကနေ ကြိုတင်ကန့်သတ်ချက်မထားဘဲ ငြိမ်းချမ်းရေးဆွေးနွေးဖို့ တစ်နိုင်ငံလုံးကို ကမ်းလှမ်းလာတဲ့အခါ ကျွန်တော်တို့အနေနဲ့ NSPNC နဲ့ ဆက်သွယ်ညှိနှိုင်းခွင့်ရရှိခဲ့ပြီး ဒီနေ့အခမ်းအနားကို တက်ရောက်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ NCA ကို ခိုင်ခိုင်မာမာ ထောက်ခံကြိုဆိုရခြင်းဖြစ်ပါတယ်။

**ဦးအောင်စိုးမိုး (အရပ်သားကိုယ်စားလှယ်၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲ စောင့်ကြည့်ရေးကော်မတီ)**

NCA ဆိုတာ နိုင်ငံတကာ အသိသက်သေတွေရဲ့ ရှေ့မှောက်မှာ ပထမဆုံး လက်မှတ်ရေးထိုးခဲ့တဲ့ ငြိမ်းချမ်းရေးစာချုပ်ဖြစ်ပါတယ်။ ဒါ့အပြင် တစ်ဖက်သတ်ရေးဆွဲထားတာမဟုတ်ဘဲ တိုင်းရင်းသားလက်နက်ကိုင် နယ်မြေတွေမှာ သန္နေတည်ပြီး နှစ်ဦးနှစ်ဖက် ရေရှည်ငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့ စနစ်တကျရေးဆွဲထားတဲ့ ငြိမ်းချမ်းရေးစာချုပ်တစ်ခုဖြစ်ပါတယ်။ NCA နဲ့ ပတ်သက်ပြီး ပြန်လည်သုံးသပ်စရာတွေရှိပေမယ့် တစ်ဖက်မှာလည်း ရရှိခဲ့တဲ့ အောင်မြင်မှုတွေအများကြီးရှိခဲ့ပါတယ်။ အစိုးရသစ်လက်ထက် ငြိမ်းချမ်းရေးပူးပေါင်းဆောင်ရွက်ဖို့ ဖိတ်ခေါ်ချက်နဲ့ ပတ်သက်လို့ကတော့ NCA လမ်းကြောင်းအတိုင်းသွားနေတဲ့ အစုအဖွဲ့တွေရှိသလို NCA လမ်းကြောင်းအတိုင်းမဟုတ်ဘဲ သဘောထားအသစ်တွေနဲ့ သွားနေတဲ့ အစုအဖွဲ့တွေလည်းရှိပါတယ်။ NSPNC ဘက်ကလည်း NCA နဲ့ NCA Plus ဆိုပြီး စဉ်းစား ဆောင်ရွက်နေတာရှိပါတယ်။ အကောင်အထည်ဖော်မှုအပိုင်းကိုတော့ မူဝါဒချမှတ်သူတွေက ဆက်လက်လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ သဘောထားအနေနဲ့ ပြောရရင်တော့ NCA လမ်းကြောင်းနဲ့ ဆက်လက်ဆောင်ရွက်မယ်၊ နိုင်ငံရေးစကားဝိုင်းတွေ (Dialogues) ပြန်လည်ပေါ်ပေါက်လာမယ်ဆိုရင် နိုင်ငံဟာ ငြိမ်းချမ်းတဲ့ အနေအထားတစ်ခုကို ပြန်လည်ရောက်ရှိသွားမယ်လို့ မျှော်လင့်ပါတယ်။ **တွေ့ဆုံမေးမြန်း - မျိုးဆက်သစ်**

**ဓာတ်ပုံ - အေးသန်း (MNA)**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အောက်တိုဘာ ၁၄ ရက်က သာယာဝတီမြို့မဈေးကြီး၌ ခရိုင်မီးသတ်ဦးစီးမှူး ဦးဟန်မြင့်ကျော်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးကျော်အောင်တို့ ဦးဆောင်သည့်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ငါးစီးတို့ဖြင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းနှင့် တာဝန်ရှိသူများ၊ ဈေးကော်မတီဝင်များက ကြည့်ရှုအားပေးစဉ်။

သန့်ဇော်(ပြန်/ဆက်)



*※ ကျောဖုံးမှ*

ချန်ပီယံလိဂ် ၇၂ ဂိုးမြောက်ကို သွင်းယူနိုင်ခဲ့သည်။ ထို့ကြောင့် ၎င်းသည် ရီးရဲမက်ဒရစ်အသင်း ဂန္ထဝင်ကစားသမား ရာအူးလ်၏ ၇၁ ဂိုး စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့သည်။ အိမ်ရှင်ရီးမားအသင်းသည် မာတင်ဒီရွန်၊ ဒွန်ယယ်မာလင်တို့၏ သွင်းဂိုးများဖြင့် ရီးရဲမက်ဒရစ်အသင်းကို မိနစ် ၈၀ ကျော်အထိ သုံးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။ သို့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် ပြိုင်ဘက်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကို ဟန့်တားကာကွယ်နိုင်စွမ်းမရှိတော့ဘဲ ချေပဂိုးနှင့် အနိုင်ဂိုးများ ဆက်တိုက်ခွင့်ပြုပေးခဲ့ရကာ ရှုံးပွဲကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။

အခြားပွဲစဉ် ရလဒ်များတွင် အက်စ်တွန်ဗီလာက ဖီနာဘာချီကို ခြောက်ဂိုး-ဂိုးမရှိ၊ ဘိုဒိုဂလင့်က ဒွေါမွန်ကို တစ်ဂိုး-ဂိုးမရှိ၊ ပီအက်စ်ဂျီက မန်စီးတီးကို လေးဂိုး-နှစ်ဂိုး၊ ဘက်တစ်က ပေါ်တိုကို သုံးဂိုး-နှစ်ဂိုး၊ ရှက်တာဒိုးနက်ခ်က AEK အေသင်ကို သုံးဂိုး-တစ်ဂိုး၊ စတုဂတ်က ဆလိုဗန်ကို သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲအသီးသီး ရရှိခဲ့သည်။

**အောင်ဇော်**

# ကမ္ဘာ့စီးပွားရေး တည်ငြိမ်စွာတိုးတက်ရေးနှင့် AI ကြောင့် ဘဏ္ဍာရေးစနစ်များအပေါ် ကျရောက်လာနိုင်သည့်အန္တရာယ်များကို G 20 ဘဏ္ဍာရေးခေါင်းဆောင်များ ဆွေးနွေး

**ဘန်ကောက် အောက်တိုဘာ ၁၅**
ကမ္ဘာ့စီးပွားရေး တည်ငြိမ်စွာတိုးတက်ရေးနှင့် ဉာဏ်ရည်တု (AI) နည်းပညာကြောင့် ဘဏ္ဍာရေးစနစ်များအပေါ် ဖြစ်ပေါ်လာနိုင်သည့်အန္တရာယ်များကိုဆွေးနွေးရန် G 20 အဖွဲ့ဝင်နိုင်ငံများ၏ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ် အုပ်ချုပ်ရေးမှူးများ ဘန်ကောက်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ကမ္ဘာ့နိုင်ငံအများအပြား၌ငွေကြေးဖောင်းပွမှုနှင့် အတိုးနှုန်းများ မြင့်မားနေသည့်ကြားမှ ကမ္ဘာ့စီးပွားရေး တည်ငြိမ်စွာ တိုးတက်စေရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကို အဓိကထား ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် AI နည်းပညာကြောင့် ဘဏ္ဍာရေးစနစ်များအပေါ် ကျရောက်လာနိုင်သည့် အန္တရာယ်များကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

လက်ရှိတွင် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ မြင့်တက်မှုကြောင့် အဓိကအားဖြင့် ဖြစ်ပေါ်နေသည့် ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်နိုင်ရန် နိုင်ငံအသီးသီးက ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများနှင့် အစီအမံများ အကောင်အထည်ဖော်နေကြသည်။ ထို့အပြင် အတိုးနှုန်းများသည်လည်း အတက်ဘက်တွင်




သာရှိပြီး အတိုးနှုန်း အတက်အကျ မတည်ငြိမ်မှုများလည်း ပိုမိုကျယ်ပြန့်လာကြောင်း အစည်းအဝေး တက်ရောက်သူများက မှတ်ချက်ပြုခဲ့ကြသည်။ စွမ်းဆောင်ရည်မြင့် AI မော်ဒယ်အသစ်တစ်ခုကို အလွဲသုံးစားပြုလုပ်ပါက ဘဏ္ဍာရေး စနစ်များအတွက် ကြီးမားသော ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ကိုလည်း ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

# Netflix က အလုပ်အကိုင် ၁၀၀၀ ခန့် လျှော့ချမည်

**ဝါရှင်တန် အောက်တိုဘာ ၁၅**
အွန်လိုင်းမှ ရုပ်ရှင်နှင့် ဇာတ်လမ်းတွဲများ ဝန်ဆောင်မှုပေးသည့် ဖျော်ဖြေရေးကုမ္ပဏီ Netflix သည် လုပ်ငန်းတိုးတက်မှုများ နှေးကွေးနေချိန်တွင် ကမ္ဘာတစ်ဝန်းရှိ ဝန်ထမ်းအင်အား ၁၀၀၀ ခန့်ကို လျှော့ချသွားမည်ဟု ဝေါစထရိတ်ဂျာနယ် (WSJ) တွင် ဖော်ပြထားသည်။

Netflix ကုမ္ပဏီသည် ဝန်ထမ်းအင်အား ၆ ရာခိုင်နှုန်းအထိ လျှော့ချသွားရန် စီစဉ်ထားကြောင်း ဝေါစထရိတ်ဂျာနယ်တွင် ပထမဦးဆုံး ဖော်ပြခဲ့ခြင်းဖြစ်သည်။ အဆိုပါပမာဏသည် ၂၀၂၂ ခုနှစ်နောက်ပိုင်း ကုမ္ပဏီ၏ အများဆုံး အလုပ်အကိုင်လျှော့ချသည့် ပမာဏဖြစ်သည်ဟု သိရသည်။

ကုမ္ပဏီ၏ ပူးတွဲအမှုဆောင်အရာရှိချုပ်များဖြစ်ကြသည့် ဂရက်ပီတာနှင့် တက်ဒ်ဆာရန် ဒေါ့စ်တို့သည် ဝန်ထမ်းများထံ ရှင်းလင်းချက်ထုတ်ပြန်သည့် အီးမေးလ်ကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက ပေးပို့ခဲ့သည်။ ထုတ်လုပ်ရေး၊ နည်းပညာ၊ ဥပဒေရေးရာနှင့် လူသားအရင်းအမြစ် (HR) ဌာနများမှ ဝန်ထမ်းများကို လျှော့ချသွားမည်ဟု အဆိုပါအီးမေးလ်တွင် ဖော်ပြထားသည်။

ကမ္ဘာတစ်ဝန်းဖျော်ဖြေမှုပေးရန်ဟူသည့် Netflix ၏ ရည်မှန်းချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် အရင်းအမြစ်များကို မည်သည့်နေရာတွင် ဦးစားပေးအသုံးပြုသွားမည်ဟူသော ဆုံးဖြတ်ချက်ကို စည်းကမ်းတကျ ဆောင်ရွက်ရန်လိုအပ်ကြောင်း အီးမေးလ်တွင် ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**




# EFTA ကုန်သွယ်ရေးသဘောတူညီချက် အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး ထိုင်းနှင့် ဆွစ်ဇာလန်တို့ ကြိုးပမ်း

**ဘန်ကောက် အောက်တိုဘာ ၁၅**
ဆွစ်ဇာလန်သမ္မတ ဂိုင်ပါမယ်လင်သည် ၂၂ နှစ်တာကာလအတွင်း ထိုင်းနိုင်ငံသို့ ပထမဦးဆုံးအကြိမ် တရားဝင်ခရီးစဉ်အဖြစ် လာရောက်ခဲ့ရာ အဆိုပါ ခရီးစဉ်အတွင်း ထိုင်းနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့သည် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်အသစ် လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေး အောက်တိုဘာ ၁၅ ရက်က ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆွစ်ဇာလန်၊ နော်ဝေ၊ အိုက်စလန်နှင့် လစ်တန်စတိန်းနိုင်ငံတို့ ပါဝင်သည့်ဥရောပလွတ်လပ်သော ကုန်သွယ်ရေးအသင်း (EFTA) နှင့် ထိုင်းနိုင်ငံကြား ပြုလုပ်ထားသည့် သဘောတူညီမှုသည် ထိုင်းပါလီမန်၏ခွင့်ပြုချက်ကို ရရှိခဲ့ပြီးဖြစ်သည်။

ထိုင်းဝန်ကြီးချုပ် အနုထင် ချာဝီရကွန်သည် ဆွစ်ဇာလန်သမ္မတ ပါမယ်လင်နှင့် ဘန်ကောက်မြို့၌ ဆွေးနွေးမှုများအပြီး အဆိုပါ သဘောတူညီချက်သည် ကုန်သွယ်ရေး ရင်းနှီးမြှုပ်နှံမှုနှင့် အခွင့်အလမ်းများကို ပိုမိုတိုးချဲ့ပေးနိုင်မည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံလုံးရှိ စီးပွားရေး လုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို ပိုမိုမြင့်မားလာစေမည်ဟု ပြောကြားခဲ့သည်။ ဆွစ်ဇာလန်နိုင်ငံသည် ထိုင်းနိုင်ငံ၏ အကြီးဆုံး ဥရောပကုန်သွယ်ရေး မိတ်ဖက်ဖြစ်သည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ကမ္ဘောဒီးယားနိုင်ငံသည် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း စက်ဘီးနှင့် e-bike တင်ပို့မှုမှ ဒေါ်လာ ၅၅၂ သန်းရရှိ

**ဖနောင်ပင် အောက်တိုဘာ ၁၅**
ကမ္ဘောဒီးယားနိုင်ငံသည် နိုင်ငံတကာအော်ဒါများ တိုးလာခြင်းနှင့် ထောက်ပံ့ရေးကွင်းဆက်များ ပိုမိုပူးပေါင်းပါဝင်လာခြင်းကြောင့် ယခုနှစ် ပထမကိုးလအတွင်း စက်ဘီးနှင့် လျှပ်စစ်စက်ဘီးတင်ပို့မှုမှာ ၂၃ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း သိရသည်။

ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ကမ္ဘောဒီးယားနိုင်ငံသည်



အမေရိကန်ဒေါ်လာ ၅၅၂ သန်းတန်ဖိုးရှိ စက်ဘီးနှင့် လျှပ်စစ်စက်ဘီးများကို ပြည်ပသို့တင်ပို့နိုင်ခဲ့ကြောင်း အောက်တိုဘာ ၁၅ ရက်တွင် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပေးပို့သည့်အချက်အလက်များအရ သိရသည်။ အဆိုပါပမာဏမှာ ယမန်နှစ်အလားတူကာလအတွင်း မှတ်တမ်းတင်ထားသည့် ဒေါ်လာ ၄၄၈ သန်းထက် တိုးလာခြင်းဖြစ်ကြောင်း သိရသည်။

ယင်းတင်ပို့မှုများကို အမေရိကန်ပြည်ထောင်စု၊ ဥရောပနိုင်ငံများ၊ ကနေဒါနှင့် ဩစတြေးလျနိုင်ငံတို့ အပါအဝင် အနောက်နိုင်ငံများ၏ ဈေးကွက်များသို့ အဓိကတင်ပို့ခဲ့ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန်နှင့် ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချက်က ပြောကြားသည်။

စက်ဘီးနှင့် လျှပ်စစ်စက်ဘီးများသည် အထည်အလိပ်၊ ဖိနပ်၊ ခရီးသွားပစ္စည်းများနှင့် ကားတာယာများကဲ့သို့ ကမ္ဘောဒီးယားနိုင်ငံ၏ အဓိကထုတ်ကုန်ပစ္စည်းဆိုင်ရာ ပို့ကုန်တစ်ခုအဖြစ် တိုးတက်လာခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သည့်ပစ္စည်းများ ကင်းစင်သည့် ပထမဦးဆုံးပြည်နယ်ကို အာဖဂန် ကြေညာ

**ကဘူးလ် အောက်တိုဘာ ၁၅**
အာဖဂန်နစ္စတန်နိုင်ငံမှ အာဏာပိုင်များသည် နိုင်ငံအလယ်ပိုင်းရှိ ဘာမင်ယန်ပြည်နယ်ကို မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သည့်ပစ္စည်းများ ကင်းစင်သည့်နယ်မြေအဖြစ် အောက်တိုဘာ ၁၅ ရက်တွင် ကြေညာခဲ့သည်။

နိုင်ငံအတွင်း မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ ကင်းစင်သည့် ပထမဦးဆုံးပြည်နယ်အဖြစ် မှတ်တိုင်စိုက်ထူနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ လွန်ခဲ့သည့် ၃၆ နှစ်တာကာလအတွင်း ဘာမင်ယန်ပြည်နယ်၌ မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သည့် ပစ္စည်းများကို မြေဧရိယာ စတုရန်းကီလိုမီတာ ၈၅ သန်းနီးပါးအထိ ရှင်းလင်းနိုင်ခဲ့သည်ဟု အာဏာပိုင်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဟာဖစ်ဇ် မိုဟာမက် ယူဆွတ်ဖ် ဟာမက်ဒ်က ပြောသည်။

အဆိုပါ ကာလအတွင်း မြေမြှုပ်မိုင်းများကြောင့် မတော်တဆမှု ၂၆၂ ခု ဖြစ်ပွားခဲ့ပြီး လူပေါင်း ၃၃၀ နီးပါး သေဆုံး သို့မဟုတ် ဒဏ်ရာရရှိခြင်းတို့ ဖြစ်ပေါ်ခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။ အာဖဂန်နစ္စတန်နိုင်ငံသည် ကမ္ဘာပေါ်တွင် မြေမြှုပ်မိုင်းအန္တရာယ် ကြုံတွေ့ရဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံအဖြစ် ဆက်လက်ရှိနေဆဲဖြစ်သည်။

**ဆင်ဟွာ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ



### အင်ဒိုနီးရှား တောမီးမှ မီးခိုးမြူများကြောင့် နိုင်ငံအချို့ ကျန်းမာရေးသတိပေးချက်ထုတ်ပြန်

နှစ်ပေါင်းများစွာအတွင်း အဆိုးရွားဆုံး တောမီးလောင်ကျွမ်းမှုများအနက် တစ်ခုဖြစ်သည့် အင်ဒိုနီးရှားတောမီးကြောင့် အင်ဒိုနီးရှားနိုင်ငံတွင် မီးခိုးမြူများ ဆက်လက်ဖုံးလွှမ်းနေပြီး အိမ်နီးချင်းနိုင်ငံများ အပါအဝင် ဒေသတွင်း၌ ကျန်းမာရေးဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်ထားရကြောင်း သိရသည်။ ယခုနှစ် တောမီးလောင်ကျွမ်းမှုများ ပြင်းထန်လာခြင်းသည် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာသည့် ခြောက်သွေ့သော ရာသီဥတုအခြေအနေများနှင့် ဆက်စပ်နေကြောင်း သိရသည်။ စင်ကာပူအစိုးရက ကျန်းမာရေးထိခိုက်လွယ်သူများဟု သတ်မှတ်ထားသည့် ပြည်သူများထံ နှာခေါင်းစည်းများကို အဆင့်လိုက် ဖြန့်ဝေပေးသည့် အစီအစဉ်ကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

### ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း၌ စာသင်ကျောင်းခေါင်မိုးပြိုကျမှုကြောင့် သေဆုံးသူ ၃၃ ဦးရှိ

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ခိုင်ဘာပက်တွန်ခွာပြည်နယ်၌ အောက်တိုဘာ ၁၅ ရက်တွင် စာသင်ကျောင်းခေါင်မိုး ပြိုကျမှုဖြစ်ပွားသဖြင့် သေဆုံးသူ ၃၃ ဦးရှိပြီး ဒဏ်ရာရရှိသူ ၁၇ ဦးမှာ စောင့်ကြည့်စစ်ဆေးပြီးနောက် ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း ဆေးရုံမှတာဝန်ရှိသူများနှင့် ကယ်ဆယ်ရေးလုပ်ငန်းမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**ဆင်ဟွာ**

### ၂၀၂၅ ခုနှစ်အတွင်း မလေးရှား၌ မွေးဖွားမှု ၄ ဒသမ ၅ ရာခိုင်နှုန်းလျော့ကျ

၂၀၂၅ ခုနှစ်အတွင်း မလေးရှားနိုင်ငံ၌ မွေးဖွားသူဦးရေမှာ ၃၉၆၁၇၅ ဦးရှိရာ ၂၀၂၄ ခုနှစ်က မွေးဖွားသူဦးရေ ၄၁၄၉၁၈ ဦးရှိရာမှ ၁၈၇၄၃ ဦး (၄ ဒသမ ၅) ရာခိုင်နှုန်း လျော့နည်းသွားကြောင်း အောက်တိုဘာ ၁၅ ရက်က ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။ အလားတူ ၂၀၂၅ ခုနှစ်အတွင်း သေဆုံးသူအရေအတွက်မှာ ၁၉၉၈၀၇ ဦးရှိရာ ၂၀၂၄ ခုနှစ်က သေဆုံးသူဦးရေ ၁၉၈၉၉၂ ဦးထက် ၈၁၅ ဦး (၀ ဒသမ ၄) ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

**ဆင်ဟွာ**

### ကမ္ဘာတစ်ဝန်းရှိ အများပြည်သူဝန်ဆောင်မှု အသံလွှင့်ဌာနများ မီဒီယာကဏ္ဍ၏ အနာဂတ်ကို ဆွေးနွေး

အပြည်ပြည်ဆိုင်ရာ အများပြည်သူအသံလွှင့်ဌာနများအဖွဲ့ (PBI) ၏ နှစ်ပတ်လည်အစည်းအဝေးကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် အောက်တိုဘာ ၁၅ ရက်က ကျင်းပခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ အများပြည်သူဝန်ဆောင်မှု အသံလွှင့်ဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် နည်းပညာဆန်းသစ်တီထွင်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်လာခြင်း၊ အထူးသဖြင့် ဉာဏ်ရည်တု (AI) နည်းပညာ ပေါ်ပေါက်လာခြင်းတို့ကြောင့် မီဒီယာလုပ်ငန်းနှင့် ပရိသတ်များ၏ အခြေအနေများ ပြောင်းလဲလာနေကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ အများပြည်သူဝန်ဆောင်မှု မီဒီယာများသည် အလားတူစိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရပြီး ယင်းမီဒီယာများ ဆက်လက်တည်ရှိနေရန် လိုအပ်မှုအပေါ်ပင် မေးခွန်းထုတ်မှုများရှိလာကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ ပထမဆုရဆောင်းပါး

# ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှစတင်စို့

**လူတစ်ဦး၏ဘဝတွင် “နေအိမ်” ဟူသည်မှာ နေထိုင်ရန်အတွက် ဆောက်လုပ်ထားသော အဆောက်အအုံတစ်ခုထက် များစွာပိုမိုနက်ရှိုင်းသော အဓိပ္ပာယ်ရှိသည်။ နေအိမ်သည် မိသားစုဝင်များ နေ့စဉ်ဘဝကို စတင်ရာနေရာဖြစ်သကဲ့သို့ မိသားစု၏ လုံခြုံမှု၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အနာဂတ်မျှော်လင့်ချက်များကို စုစည်းထားသည့် အခြေခံအုတ်မြစ်လည်းဖြစ်သည်။**

သီဟထွန်းထွန်း

> ❝ နေအိမ်များမှစတင်၍ ဘေးအန္တရာယ်ကြံ့ကြံ့ခံနိုင်ရေးအတွက် မိဘပြည်သူများအနေဖြင့်လည်း သဘာဝဘေးဆိုင်ရာ တရားဝင်သတင်းအချက်အလက်များ (Official Information)ကိုသာ အချိန်မီရယူစောင့်ကြည့်ရန် လိုအပ်သည်။ အထူးသဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)၊ နိုင်ငံပိုင်သတင်းစာများနှင့် သက်ဆိုင်ရာတာဝန်ရှိဌာနများမှ ထုတ်ပြန်ပေးသည့် မိုးလေဝသအခြေအနေ၊ သဘာဝဘေးသတိပေးချက်များနှင့် ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးအစီအစဉ်များကို မိဘပြည်သူများအနေဖြင့် အလေးထားစောင့်ကြည့်နားထောင်ပြီး အချိန်မီလိုက်နာဆောင်ရွက်ကြရပေမည်။ သတင်းအချက်အလက်သည် ဘေးအန္တရာယ်မဖြစ်မီ ကြိုတင်ပြင်ဆင်နိုင်ရန် အရေးပါသည့် အင်အားတစ်ရပ်ဖြစ်သကဲ့သို့ မှန်ကန်သောသတင်းကို အချိန်မီရရှိပြီး လက်တွေ့တုံ့ပြန်နိုင်ခြင်းသည်ပင် အိမ်တစ်အိမ်ချင်းစီ၏ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရည် (Resilience) ကို မြှင့်တင်ပေးနိုင်မည့် အခြေခံခြေလှမ်းတစ်ရပ်ဖြစ် ❞

မိုးသည်းထန်စွာ ရွာသွန်းချိန်တွင် အမိုးအကာဖြစ်ပေးပြီး မုန်တိုင်းတိုက်ခတ်ချိန်တွင် ခိုလှုံရာဖြစ်ပေးသည့် နေအိမ်သည် မြေငလျင်လှုပ်ခတ်ချိန်၊ ရေကြီးရေလျှံချိန် သို့မဟုတ် အခြားသဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ကိုယ်တိုင်ပင်အန္တရာယ်၏ အစိတ်အပိုင်းတစ်ခု မဖြစ်လာစေရန် ကြိုတင်စဉ်းစားထားရမည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး (Disaster Risk Reduction – DRR) ကို စဉ်းစားသည့်အခါ နိုင်ငံအဆင့်၊ မြို့ပြအဆင့်နှင့် ရပ်ရွာအဆင့်တို့ကိုသာကြည့်ရှုနေ၍မရတော့ဘဲ လူသားတို့၏ အနီးဆုံးနေရာဖြစ်သည့် “နေအိမ်”မှ စတင်စဉ်းစားရမည်ဖြစ်သည်။

သို့ဖြစ်၍ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ (International Day for Disaster Risk Reduction – IDDRR) အတွက် ကုလသမဂ္ဂသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးရုံး (UNDRR) က “ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှစတင်စို့ (Resilience Starts at Home)” ဟူသော ဆောင်ပုဒ်ကို သတ်မှတ်ထားပြီး ယခုနှစ် ဆောင်ပုဒ်သည် နေအိမ်ကိုဘေးအန္တရာယ် ထိခိုက်မှု အပြင်းထန်ဆုံးခံစားရနိုင်သည့် နေရာတစ်ခုအဖြစ်သာမမြင်ဘဲ ခံနိုင်ရည် (Resilience) စတင်တည်ဆောက်ရမည့် ရှေ့တန်းနေရာအဖြစ် ရှုမြင်ရန် တိုက်တွန်းထားသည်။ နေအိမ်များ မည်သည့် နေရာတွင် တည်ရှိသည်၊ မည်သို့စီမံကိန်းချသည်၊ မည်သို့ဆောက်လုပ်သည်၊ မည်သို့ ထိန်းသိမ်းသည်နှင့် ဘေးအန္တရာယ်ကျရောက်ချိန်တွင် မည်မျှအသင့်ရှိသည်တို့သည် လူတစ်ဦးချင်းစီ၏ လုံခြုံမှုသာမက ရပ်ရွာနှင့် နိုင်ငံတစ်နိုင်ငံလုံး၏ ခံနိုင်ရည်အပေါ်ပါ သက်ရောက်မှုရှိကြောင်း UNDRR က အလေးပေးထားခြင်း ဖြစ်သည်။

သဘာဝဘေးအန္တရာယ်ကို လုံးဝတားဆီး၍မရသော်လည်း အန္တရာယ်တစ်ရပ် (Hazard)သည် ဘေးအန္တရာယ် (Disaster)အဖြစ် ပြောင်းလဲသွားနိုင်မှုနှင့် ဆုံးရှုံးမှုအရွယ်အစားကို လူသားတို့၏ ဆုံးဖြတ်ချက်များဖြင့် လျှော့ချနိုင်သည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုသည်မှာ ဘေးမဖြစ်မီ အန္တရာယ်ကို သိရှိခြင်း (Risk Knowledge)၊ ကြိုတင်ပြင်ဆင်ခြင်း (Preparedness)၊ ထိခိုက်လွယ်မှု (Vulnerability) ကို လျှော့ချခြင်းနှင့် ဘေးအန္တရာယ်ခံနိုင်ရည်ရှိသော လူမှုအသိုက်အဝန်းတစ်ရပ် တည်ဆောက်ခြင်းတို့ကို အစဉ်တစိုက် ဆောင်ရွက်သည့် လုပ်ငန်းစဉ်ဖြစ်သည်။ ထိုလုပ်ငန်းစဉ်အတွက် အခြေခံအကျဆုံးအချက်မှာ နေအိမ်များသဘာဝဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေးပင်ဖြစ်သည်။

မြန်မာနိုင်ငံအတွက် ဤလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် စာအုပ်ထဲမှ သီအိုရီတစ်ခုသက်သက်မျှ မဟုတ်တော့ပေ။ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံအလယ်ပိုင်းကိုဗဟိုပြု၍ ရစ်ချ်တာစကေး ၇ ဒသမ ၇ အဆင့်ရှိ ပြင်းထန်စွာ လှုပ်ခတ်ခဲ့သည့် ငလျင်ကြီးသည် နေအိမ်များ ကြံ့ကြံ့ခံနိုင်ရေး၏ အရေးကြီးမှုကို လက်တွေ့ဘဝထဲသို့ ယူဆောင်လာခဲ့သည်။ နေအိမ်များ၊ အဆောက်အအုံများနှင့် အခြေခံအဆောက်အအုံများပျက်စီး ထိခိုက်ခဲ့ပြီး မိသားစုများစွာတို့သည် မိမိတို့၏ မူလနေအိမ်များကို ချက်ချင်းပြန်လည်တည်ဆောက်နိုင်ခြင်း မရှိခဲ့ကြပေ။ အဆိုပါ အတွေ့အကြုံသည် “အိမ်တစ်လုံးကို မည်မျှလုပအောင်ဆောက်ထားသနည်း” ထက် “အန္တရာယ် ကျရောက်လာသောအခါ မည်မျှခံနိုင်ရည်ရှိသနည်း” ဟူသည့် မေးခွန်းကို ပိုမိုအရေးကြီးလာစေခဲ့သည်။ ထို့ကြောင့် နေအိမ်တစ်လုံး၏ ခံနိုင်ရည်သည် လူတစ်ဦး၏ အသက်နှင့် မိသားစုတစ်စု၏ အနာဂတ်အပေါ် မည်မျှအကျိုးသက်ရောက်နေသည်ကို သိရှိနိုင်ပေသည်။

သဘာဝဘေးအန္တရာယ်ဒဏ် ကြံ့ကြံ့ခံနိုင်သော နေအိမ်တစ်လုံးကို အုတ်တစ်လုံးစီစီထပ်၍ ဆောက်လုပ်ခြင်း မပြုမီကတည်းက စတင်စဉ်းစားရသည်။ မြေနေရာရွေးချယ်သည့် အချိန်ကတည်းက အန္တရာယ်ကို စဉ်းစားရမည်။ ငလျင်အန္တရာယ်၊ ရေကြီးရေလျှံမှု၊ မြေပြိုမှု၊ မုန်တိုင်းနှင့် အခြားဒေသအလိုက် Hazard များကို ထည့်သွင်းစဉ်းစားပြီး မြေယာအသုံးချမှု (Risk–informed Land–use Planning) ကို ဆောင်ရွက်ရမည်။

အန္တရာယ်ရှိသောနေရာတွင် အန္တရာယ်ကိုမသိဘဲ အိမ်များတည်ဆောက်ပြီးမှ ဘေးဖြစ်လာသည့်အခါ ကယ်ဆယ်ရန် ကြိုးပမ်းခြင်းထက် ဘေးမဖြစ်မီကတည်းက အန္တရာယ်ကိုသိရှိပြီး မှန်ကန်သောနေရာတွင် မှန်ကန်သည့်ပုံစံဖြင့် တည်ဆောက်ခြင်းက ပိုမိုထိရောက်သည်။ ထို့ပြင် နေရာမှန်ရွေးချယ်ပြီးသည်နှင့် ဆောက်လုပ်ရေးစံနှုန်း (Building Standards)နှင့် အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ(Building Codes)ကိုလည်း လက်တွေ့အကောင်အထည်ဖော်ရပေမည်။ နေအိမ်အဆောက်အအုံတစ်လုံးသည် အလှအပနှင့် ပြည့်စုံနေသော်လည်း သက်ဆိုင်ရာဒေသ၏ သဘာဝဘေးအန္တရာယ်ကို ထည့်သွင်းစဉ်းစားထားခြင်းမရှိပါက ဘေးအန္တရာယ်ကျရောက်သည့်အချိန်တွင် လုံခြုံမှုအာမခံချက် မရှိနိုင်ပေ။ ထို့ကြောင့် အင်ဂျင်နီယာများ၊ ဆောက်လုပ်ရေးပညာရှင်များ၊ ကန်ထရိုက်တာများ၊ အိမ်ပိုင်ရှင်များနှင့် သက်ဆိုင်ရာအာဏာပိုင်များအကြား စံနှုန်းကို သိရှိနားလည်ပြီး လိုက်နာအကောင်အထည်ဖော်နိုင်ရေးသည် အလွန်အရေးကြီးပေသည်။

သို့ရာတွင် နေအိမ်၏ နံရံများနှင့် တိုင်များ ခိုင်ခံ့ခြင်းတစ်ခုတည်းဖြင့် ဘေးဒဏ်ခံနိုင်ရည်ရှိမှု (Resilience) မပြည့်စုံသေးပေ။ နေအိမ်အတွင်း နေထိုင်သူများကိုယ်တိုင် ဘေးအန္တရာယ်အတွက် အသင့်ရှိမှသာ အဆိုပါနေအိမ်သည် အမှန်တကယ် သဘာဝဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရည် ရှိလာမည် ဖြစ်သည်။ ထို့ကြောင့် မိသားစုတစ်စုချင်းစီအနေဖြင့် မိမိနေထိုင်ရာ ဒေသတွင်ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များကို သိရှိထားခြင်း၊ အရေးပေါ်ဆက်သွယ်ရန် နည်းလမ်းများ သတ်မှတ်ထားခြင်း၊ မိသားစုဝင်များ စုဝေးရမည့်နေရာ သတ်မှတ်ထားခြင်း၊ အရေးကြီးစာရွက်စာတမ်းများနှင့် လိုအပ်သည့် ပစ္စည်းများကို လုံခြုံစွာထားရှိခြင်း၊ အရေးပေါ်အသုံးအဆောင်အိတ် (Emergency Kit) ပြင်ဆင်ထားခြင်းတို့သည် နေအိမ်မှစတင်နိုင်သည့် ရိုးရှင်းသော်လည်း အရေးပါသည့် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှု (Disaster Preparedness) များ ဖြစ်ကြသည်။

ဤနေရာတွင် ကြိုတင်သတိပေးစနစ် (Early Warning System) သည်လည်း အရေးကြီးသည်။ သတိပေးချက်တစ်ခု ထုတ်ပြန်နိုင်ခြင်းသည်သာ အောင်မြင်မှုမဟုတ်ပေ။ သတိပေးချက်သည် အိမ်ထောင်စုများထံ အချိန်မီရောက်ရှိရမည်၊ နားလည်နိုင်ရမည်၊ ယုံကြည်နိုင်ရမည်၊ ထိုသတိပေးချက်အပေါ် မည်သည့်လုပ်ဆောင်ချက်ကို ပြုလုပ်ရမည်ဆိုသည်ကိုလည်း သိရှိရမည်။ UNDRR ၏ ၂၀၂၆ ခုနှစ် ထုတ်ပြန်ထားသော စီမံကိန်းအစပျိုး အယူအဆတင်ပြချက် (Concept Note) တွင်လည်း အိမ်ထောင်စုထံ မရောက်ရှိသည့် သတိပေးချက်၊ ရောက်သော်လည်း နားမလည်သည့် သတိပေးချက် သို့မဟုတ် နားလည်သော်လည်း လက်တွေ့မတုံ့ပြန်နိုင်သည့် သတိပေးချက်တို့သည် ထိရောက်သော ကြိုတင်သတိပေးစနစ် (Early Warning System) မဖြစ်နိုင်ကြောင်း အလေးပေးဖော်ပြထားသည်။

သဘာဝဘေးဒဏ် ကြံ့ကြံ့ခံနိုင်စေရန်အတွက် နေအိမ်များမှ စတင်ရန်ဆိုသည်မှာ နိုင်ငံတော်၏ တာဝန်ကို အိမ်ပိုင်ရှင်တစ်ဦးချင်းစီထံ လွှဲပြောင်းပေးလိုက်ခြင်း မဟုတ်ပေ။ နေအိမ်တစ်လုံး၏ ခံနိုင်ရည်သည် မိသားစုတစ်စု၏ ဝင်ငွေ၊ မြေယာပိုင်ဆိုင်မှု၊ နည်းပညာရရှိနိုင်မှု၊ ဆောက်လုပ်ရေးကုန်ကျစရိတ်၊ သတင်းအချက်အလက်နှင့် ဒေသဆိုင်ရာ အုပ်ချုပ်မှုတို့အပေါ် မူတည်နေသောကြောင့် အိမ်ထောင်စုတစ်စုတည်း၏ စွမ်းရည်ဖြင့် အရာအားလုံးကို ဖြေရှင်း၍မရနိုင်ပေ။

ထို့ကြောင့် နိုင်ငံတော်၏ အဓိကတာဝန်မှာ လူထုအနေဖြင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သည့် အိမ်ရာရွေးချယ်မှုနှင့် တည်ဆောက်မှုများပြုလုပ်နိုင်ရန် အခြေခံအခြေအနေကောင်းများ ဖန်တီးပေးရန်ဖြစ်သည်။ Risk–informed Land–use Planning၊ ဆောက်လုပ်ရေးစံနှုန်းများ၊ ဒေသအလိုက် သဘာဝဘေးအန္တရာယ်ဆိုင်ရာအချက်အလက်၊ Early Warning System နှင့် ပြည်သူ့အသိပညာပေးရေးတို့ကို ခိုင်မာစွာအကောင်အထည်ဖော်ရန် လိုအပ်ပေသည်။ မြန်မာနိုင်ငံ၏ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့သည်လည်း မြန်မာနိုင်ငံတစ်ဝန်းလုံး၌ သဘာဝဘေးအသိပညာပေးဟောပြောခြင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ဤကဲ့သို့သော အသိပညာပေးလုပ်ငန်းများသည် အိမ်ထောင်စုဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်း (Household Preparedness)အတွက် အခြေခံအဆင့်တစ်ရပ်ဖြစ်သည်။ သို့ရာတွင် အသိပညာသည် လက်တွေ့လုပ်ဆောင်ချက်နှင့် ပေါင်းစပ်မှသာ ဘေးဒဏ်ခံနိုင်ရည်ရှိမှု(Resilience)အဖြစ် ပြောင်းလဲနိုင်မည်ဖြစ်ပါသည်။

နေအိမ်များ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် လူတို့၏အဓိကဆန္ဒမှာ “မိမိတို့၏ နေအိမ်ကို ပြန်ရချင်သည်” ဆိုသည့်ဆန္ဒဖြစ်သည်။ သို့သော် ပြန်လည်တည်ဆောက်ရာတွင် “မူလအတိုင်း ပြန်ဆောက်ရန်”ဟူသည့် အတွေးထက် “နောက်တစ်ကြိမ်ဖြစ်လာလျှင် ပိုမိုကြံ့ကြံ့ခံနိုင်ရည်ရှိရန်” ဟူသည့်အတွေးက ပိုအရေးကြီးသည်။ နေအိမ်အဆောက်အအုံ၏ ဒီဇိုင်း၊ ပစ္စည်းရွေးချယ်မှု၊ မြေပြင်အခြေအနေ၊ ရေစီးဆင်းမှု၊ လေပြင်းနှင့် ငလျင်ကဲ့သို့ ဒေသအလိုက်ဖြစ်နိုင်သည့် ဘေးအန္တရာယ်များကို ထည့်သွင်း စဉ်းစားပြီး ပြန်လည်တည်ဆောက်ခြင်းသည် Build Back Better (3Bs) ၏ အဓိပ္ပာယ်ပင်ဖြစ်သည်။ ထိုသို့ ပြန်လည်တည်ဆောက်ရာတွင် အင်ဂျင်နီယာများနှင့် ဆောက်လုပ်ရေး ကျွမ်းကျင်သူများ၏ နည်းပညာအကူအညီ၊ ကျွမ်းကျင်လုပ်သားများ၏ စံနှုန်းနှင့်ကိုက်ညီသည့် ဆောက်လုပ်မှု၊ အိမ်ထောင်စုများ၏ အန္တရာယ်အသိပညာနှင့် နိုင်ငံတော်၏ မူဝါဒ၊ စည်းမျဉ်းနှင့် ငွေကြေးဆိုင်ရာ အထောက်အပံ့တို့ ပေါင်းစပ်ရန် လိုအပ်သည်။

ထို့အပြင် နေအိမ်များ ဘေးဒဏ်ခံနိုင်ရည်ရှိစေရေးအတွက် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ (Myanmar National Building Code–MNBC) ၂၀၂၅ ပါ ဖွဲ့စည်းပုံဒီဇိုင်း (Structural Design)၊ မြေနှင့်အုတ်မြစ် (Soil and Foundation)၊ ဆောက်လုပ်ရေး စီမံခန့်ခွဲခြင်းနှင့် အဆောက်အအုံပြုပြင်ထိန်းသိမ်းခြင်း (Construction Management and Building Maintenance) ဆိုင်ရာသတ်မှတ်ချက်များကို လက်တွေ့လိုက်နာရန် လိုအပ်သည်။ အထူးသဖြင့် ငလျင်အန္တရာယ်ရှိသည့် ဒေသများတွင် ငလျင်ဒဏ်ခံနိုင်သော အဆောက်အအုံဒီဇိုင်းနှင့် ဆောက်လုပ်ရေး စံနှုန်းများကို အလေးထားလိုက်နာပြီး ရှိပြီးသား နေအိမ်များကိုလည်း လိုအပ်သလို ပြန်လည်ခိုင်ခံ့အောင် ပြုပြင်ခြင်း (Retrofitting) နှင့် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း (Maintenance) တို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့စံနှုန်းများ (Standards) နှင့်အညီ ဆောက်လုပ်ခြင်း၊ စစ်ဆေးခြင်းနှင့် ထိန်းသိမ်းခြင်းတို့ကို

*စာမျက်နှာ ၁၅ သို့*

*စာမျက်နှာ ၁၄ မှ*

စနစ်တကျဆောင်ရွက်နိုင်မှသာ နေအိမ်များ၏ ဘေးအန္တရာယ်ဒဏ်ကြံ့ကြံ့ခံနိုင်ရည်ကို အမှန်တကယ် မြှင့်တင်နိုင်မည်ဖြစ်သည်။

ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သောနေအိမ် (Resilient House) သည် လူတိုင်းအတွက် အခွင့်အရေး ဖြစ်သင့်သည်။ ဥပမာအားဖြင့် ဝင်ငွေကောင်းသူတစ်ဦးအနေဖြင့် နေအိမ်ပြန်လည်တည်ဆောက်ရာတွင် အင်ဂျင်နီယာများ၏ အကြံပြုချက်ရယူနိုင်သည်။ အရည်အသွေးကောင်းသည့်ဆောက်လုပ်ရေးပစ္စည်းများ အသုံးပြုနိုင်သည်။ အာမခံထားနိုင်သည်။ အန္တရာယ်နည်းသည့်နေရာသို့ ပြောင်းရွှေ့နိုင်သည်။ သို့သော် ဝင်ငွေနည်းသည့် အိမ်ထောင်စုတစ်စုအတွက် အဆိုပါရွေးချယ်စရာများ အားလုံးရရှိနိုင်ရန်မှာ မလွယ်ကူနိုင်ပေ။ ထို့ကြောင့် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ လူမှုအဖွဲ့အစည်း၊ မသန်စွမ်းသူများ၏ အဖွဲ့အစည်းများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်အဖွဲ့အစည်းများ၊ လူငယ်ကွန်ရက်များ၊ ရပ်ရွာခေါင်းဆောင်များနှင့် အိမ်ထောင်စုများအားလုံး ပါဝင်ရပေမည်။

သို့ဖြစ်၍ ဘေးအန္တရာယ်ဒဏ်ကြံ့ကြံ့ခံနိုင်သောနေအိမ်သည် ချမ်းသာသူများအတွက်သာ ရရှိနိုင်သည့် ဇိမ်ခံပစ္စည်း (Luxury Item) တစ်ခုမဟုတ်ဘဲ လူသားတိုင်းရရှိသင့်သည့် လုံခြုံမှုနှင့် လူမှုဘဝတည်ငြိမ်ရေး၏ အခြေခံအချက်တစ်ရပ် ဖြစ်သင့်သည်။ ထို့အတွက် နိုင်ငံတော်၏ မူဝါဒများ၊ ဒေသဆိုင်ရာ စီမံကိန်းများ၊ ငွေကြေးအထောက်အပံ့များ၊ အာမခံစနစ်များ၊ နည်းပညာအကူအညီများနှင့် အများပြည်သူ အသိပညာပေးလုပ်ငန်းများသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေရမည် ဖြစ်သည်။

သဘာဝဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော နေအိမ်များဖြစ်ပေါ်လာစေရန် ဆောက်လုပ်ရေးကဏ္ဍ၏တာဝန်လည်းအရေးကြီးသည်။ အင်ဂျင်နီယာများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် ကျွမ်းကျင်လုပ်သားများသည် နေအိမ်၏ ရုပ်ပိုင်းဆိုင်ရာခံနိုင်ရည် (Physical Resilience) ကို သတ်မှတ်ပေးသူများဖြစ်သဖြင့် နည်းပညာစံနှုန်းများကို လိုက်နာနိုင်ရန် လေ့ကျင့်သင်ကြားမှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း (Training and Capacity Building) လိုအပ်သည်။ ထို့အတူ အိမ်ရာငွေကြေးထောက်ပံ့မှုနှင့် အာမခံကဏ္ဍများကလည်း ဘေးအန္တရာယ်ကို ထည့်သွင်းစဉ်းစားသည့် အန္တရာယ်အသိပေး ရင်းနှီးမြှုပ်နှံမှု (Risk-informed Investment) များကို မြှင့်တင်ရန်လိုအပ်သည်။ ရပ်ရွာအနေဖြင့်လည်း ရပ်ရွာအဆင့် ကြိုတင်ပြင်ဆင်မှု (Community Preparedness)၊ ရပ်ရွာအခြေပြု ဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး (Community-based Disaster Risk Reduction) နှင့် လူထုပါဝင်သည့် ဒေသအဆင့်စီမံကိန်း (Local Planning)များကို ဆောင်ရွက်ခြင်းဖြင့် နေအိမ်တစ်လုံးချင်းစီ၏ ခံနိုင်ရည်ကို ရပ်ရွာတစ်ခုလုံး၏ ခံနိုင်ရည်အဖြစ် မြှင့်တင်နိုင်မည်ဖြစ်သည်။

ထို့ပြင် နေအိမ်များဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နည်းပညာကိုလည်း ထိရောက်စွာ အသုံးချရမည်ဖြစ်သည်။ ဂြိုဟ်တုဓာတ်ပုံများ (Satellite Imagery)၊ ဒစ်ဂျစ်တယ်မြေပုံရေးဆွဲခြင်း (Digital Mapping)၊ မိုဘိုင်းဆက်သွယ်ရေး (Mobile Communication)နှင့် အချက်အလက်ခွဲခြမ်းစိတ်ဖြာခြင်း (Data Analytics) တို့ဖြင့် နေအိမ်တည်ရှိရာဒေသ၏ ဘေးအန္တရာယ်အခြေအနေ၊ ထိခိုက်လွယ်မှုနှင့် ရွှေ့ပြောင်းရန်လိုအပ်သည့် အခြေအနေများကို အချိန်မီသိရှိနိုင်သည်။ သို့သော် နည်းပညာမှ ရရှိသည့် အန္တရာယ်ဆိုင်ရာအချက်အလက် (Risk Information) များကို ဒေသခံများ နားလည်အသုံးချနိုင်မှသာ အကျိုးရှိမည်ဖြစ်သဖြင့် နည်းပညာဆိုင်ရာအချက်အလက်များကို ဒေသခံအသိပညာ (Local Knowledge) နှင့် ပေါင်းစပ်ပေးရန် လိုအပ်ပါသည်။ ထိုသို့ ဘေးအန္တရာယ်ကို ကြိုတင်သိရှိပြီး သင့်လျော်စွာ ပြင်ဆင်တုံ့ပြန်နိုင်မှသာ နေအိမ်များ၏ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်သည် လူတိုင်းအပေါ် တူညီစွာသက်ရောက်ခြင်း မရှိသဖြင့် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် ဝင်ငွေနည်း မိသားစုများ အပါအဝင် ထိခိုက်လွယ်သူများအတွက်ပါလုံခြုံပြီး လက်လှမ်းမီနိုင်သော အိမ်ရာ (Safe and Inclusive Housing) များ ဖြစ်ရန် လိုအပ်သည်။ သဘာဝဘေးအန္တရာယ်သည် အဆောက်အအုံကိုသာ ထိခိုက်စေခြင်းမဟုတ်ဘဲ လူ့ဘဝ၊ အသက်မွေးဝမ်းကျောင်းနှင့် အနာဂတ်မျှော်လင့်ချက်များကိုပါ ထိခိုက်စေနိုင်သောကြောင့် လူတစ်ဦးတစ်ယောက်အနေဖြင့် “တတ်နိုင်သောအိမ်” (Affordable House) နှင့် “လုံခြုံသောအိမ်” (Safe House)အကြား ရွေးချယ်ရသည့် အခြေအနေမျိုး မဖြစ်သင့်ပေ။ ထို့ကြောင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရည် ရှိသောနေအိမ် (Resilient House) တစ်လုံးဆိုသည်မှာ ခိုင်ခံ့သောအဆောက်အအုံတစ်ခုသာမက လူတိုင်း၏လုံခြုံမှုနှင့် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားထားသည့် နေအိမ်တစ်လုံးဖြစ်ရမည်။

ထို့အတွက် မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းများကို အရေးပေါ်တုံ့ပြန်ခြင်း (Emergency Response) တစ်ခုတည်းထက် အန္တရာယ်လျှော့ချခြင်း (Risk Reduction) နှင့် ကြိုတင်ကာကွယ်ခြင်း (Prevention) ကို ပိုမိုအလေးထားဆောင်ရွက်ရန် လိုအပ်သည်။ နေအိမ်များမှ စတင်၍ သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံနိုင်ရန် ဒေသအလိုက်အန္တရာယ်နှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေဆိုင်ရာ အချက်အလက်များ (Hazard and Risk Information) ကို ရရှိစေခြင်း၊ မြေအသုံးချမှုစီမံကိန်း (Land-use Planning) တွင် ထည့်သွင်းအသုံးပြုခြင်း၊ နေအိမ်အဆောက်အအုံစံချိန်စံညွှန်းများ (Building Standards) ကိုလိုက်နာခြင်းနှင့် အိမ်ထောင်စုအဆင့် ကြိုတင်ပြင်ဆင်မှု (Household Preparedness) မြှင့်တင်ခြင်းတို့ကို အစိုးရနှင့် ပြည်သူလက်တွဲပူးပေါင်း၍ ဆက်စပ်ဆောင်ရွက်ရမည်။

ထို့ပြင် သဘာဝဘေးဆိုင်ရာ အသိပညာများကို မိသားစုများနှင့် ကလေးလူငယ်များမှအစ သက်ကြီးရွယ်အိုများအထိ ဖြန့်ဝေပေးပြီး နေအိမ်တစ်အိမ်ချင်းစီမှစတင်၍ ဘေးမဖြစ်မီ ကြိုတင်ပြင်ဆင်သည့် အလေ့အထကို တည်ဆောက်ပေးရမည်။ ထိုသို့ နေအိမ်များမှ စတင်ကာ သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံနိုင်သော မိသားစုများနှင့် ရပ်ရွာများကို တည်ဆောက်နိုင်မှသာ နိုင်ငံတစ်ဝန်း၏ဘေးဒဏ်ခံနိုင်ရည်ကို မြှင့်တင်နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ နေအိမ်တစ်လုံး ဘေးဒဏ်ခံနိုင်ရန် အဆောက်အအုံခိုင်ခံ့မှုသာမက အရေးပေါ်ကာလတွင် ရေ၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှုများ မပြတ်တောက်ရေး၊ အခြေခံအဆောက်အအုံများနှင့် ချိတ်ဆက်စီမံထားရေးတို့လည်း လိုအပ်သည်။ ဘေးအန္တရာယ်ကြောင့် အိမ်ရာနှင့်အတူ မိသားစု၏ဝင်ငွေနှင့် အသက်မွေးဝမ်းကျောင်း မထိခိုက်စေရန် ငွေကြေးခံနိုင်ရည်(Financial Resilience) ကိုလည်း တည်ဆောက်ထားရမည်။ မြို့ပြနှင့် ကျေးလက်ဒေသအလိုက်အန္တရာယ်နှင့် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစား၍ ဒေသအလိုက်ဆောင်ရွက်မှု (Localised Approach) ဖြင့် လုပ်ဆောင်ရန် လိုသကဲ့သို့ ကျောင်းများမှစ၍ သဘာဝဘေးဆိုင်ရာ ပညာပေးခြင်း (Disaster Education) နှင့် လက်တွေ့လေ့ကျင့်ခြင်း (Disaster Drill) များကိုလည်း မြှင့်တင်ရမည်။ ဘေးဖြစ်ပြီးနောက် နေအိမ်ပြန်လည် တည်ဆောက်ရာတွင်လည်း ပျက်စီးသွားသည့်အတိုင်း ပြန်လည် တည်ဆောက်ခြင်းမဟုတ်ဘဲ တည်ဆောက်မှုဆိုင်ရာ စံချိန်စံညွှန်းများ၊ မူဝါဒများနှင့် ကူညီပံ့ပိုးမှုများကို စနစ်တကျအသုံးချပြီး ပိုမိုလုံခြုံခိုင်ခံ့သော နေအိမ်များအဖြစ် ပြန်လည်တည်ဆောက်ခြင်း (Build Back Better)ကို ဦးစားပေးရမည်ဖြစ်သည်။

ထိုသို့ နေအိမ်များမှစတင်၍ ဘေးအန္တရာယ်ကြံ့ကြံ့ခံနိုင်ရေးအတွက် မိဘပြည်သူများအနေဖြင့်လည်း သဘာဝဘေးဆိုင်ရာ တရားဝင်သတင်းအချက်အလက်များ (Official Information) ကိုသာ အချိန်မီရယူစောင့်ကြည့်ရန် လိုအပ်သည်။ အထူးသဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)၊ နိုင်ငံပိုင်သတင်းစာများနှင့် သက်ဆိုင်ရာတာဝန်ရှိဌာနများမှ ထုတ်ပြန်ပေးသည့် မိုးလေဝသအခြေအနေ၊ သဘာဝဘေးသတိပေးချက်များနှင့် ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးအစီအစဉ်များကို မိဘပြည်သူများအနေဖြင့် အလေးထားစောင့်ကြည့်နားထောင်ပြီး အချိန်မီလိုက်နာ ဆောင်ရွက်ကြရပေမည်။ သတင်းအချက်အလက်သည် ဘေးအန္တရာယ်မဖြစ်မီ ကြိုတင်ပြင်ဆင်နိုင်ရန် အရေးပါသည့် အင်အားတစ်ရပ်ဖြစ်သကဲ့သို့ မှန်ကန်သောသတင်းကို အချိန်မီရရှိပြီး လက်တွေ့တုံ့ပြန်နိုင်ခြင်းသည်ပင် အိမ်တစ်အိမ်ချင်းစီ၏ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရည် (Resilience) ကို မြှင့်တင်ပေးနိုင်မည့် အခြေခံခြေလှမ်းတစ်ရပ် ဖြစ်သည်။

သဘာဝဘေးအန္တရာယ်ကို တားဆီး၍မရသော်လည်း ၎င်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဆုံးရှုံးမှုများကို ကြိုတင်ပြင်ဆင်ခြင်း (Preparedness)၊ အန္တရာယ်လျှော့ချခြင်း (Risk Reduction) နှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ထိခိုက်ဆုံးရှုံးနိုင်ခြေကို လျှော့ချနိုင်သည်။ ထိုသို့ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရာတွင် နိုင်ငံတော်၏ မူဝါဒနှင့် သက်ဆိုင်ရာဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုများအပြင် မိဘပြည်သူတစ်ဦးချင်း၊ မိသားစုတစ်စုချင်းစီ၏ ပါဝင်မှုသည်လည်း အရေးကြီးသည်။ ထို့ပြင် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရန် မိမိနေအိမ်၏ အန္တရာယ်ကိုသိရှိခြင်း၊ အားနည်းချက်များကို ပြုပြင်ခြင်း၊ အရေးပေါ်အစီအစဉ်များထားရှိခြင်းနှင့် သတိပေးချက်များကို အချိန်မီတုံ့ပြန်နိုင်ခြင်းတို့မှ စတင်ရမည်။ အိမ်တစ်အိမ်၏ ဘေးဒဏ်ခံနိုင်ရည်ရှိမှုသည် မိသားစုတစ်စု၏ လုံခြုံမှုကိုမြှင့်တင်ပေးပြီး မိသားစုများ၏ ကြိုတင်ပြင်ဆင်မှုသည် ရပ်ရွာ၏ဘေးဒဏ်ခံနိုင်ရည် (Community Resilience)ကို တည်ဆောက်ပေးနိုင်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် ရပ်ရွာများ၏ ဘေးဒဏ်ခံနိုင်ရည်သည် နိုင်ငံတော်၏ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရည် (National Resilience)ကို ခိုင်မာစေပြီး နိုင်ငံများအကြား အတွေ့အကြုံ၊ နည်းပညာနှင့် သတင်းအချက်အလက်များ မျှဝေပူးပေါင်းခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ ဘေးဒဏ်ခံနိုင်ရည် (Global Resilience) အထိ တိုးမြှင့်လာနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော အနာဂတ်ကို တည်ဆောက်ရန် အစပြုရမည့်နေရာမှာ အဝေးတစ်နေရာ မဟုတ်ဘဲ မိမိတို့၏ နေအိမ်များပင် ဖြစ်သည့်အတွက် “ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှ စတင်စို့” ဟု တိုက်တွန်းနှိုးဆော်ရင်း ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ကို ဂုဏ်ပြုလိုက်ရပါသည်။ ။

## တမူးမြို့၌ အန္တရာယ်ဖြစ်စေမည့် စားသောက်ကုန်နှင့် အစားအစာများ ရောင်းချမှုမရှိစေရေး စစ်ဆေး

**တမူး အောက်တိုဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ အန္တရာယ်ဖြစ်စေမည့် စားသောက်ကုန်နှင့် အစားအစာများ ရောင်းချမှုမရှိစေရေးအတွက် ယမန်နေ့က တမူးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့်ကော်မတီအဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမြင့်နှင့် ဝန်ထမ်းများ၊ သက်ဆိုင်ရာဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဈေးကော်မတီဝင်များ ပူးပေါင်း၍ မြို့မစည်ပင်သာယာဈေးအတွင်းရှိ ကုန်စုံဆိုင်များနှင့် အစားအသောက်အရောင်းဆိုင်များတွင် အန္တရာယ်ဖြစ်စေမည့် ခွင့်ပြုချက်မဲ့ ဓာတုဆိုးဆေးများပါဝင်မည့် အစားအသောက်များ ရောင်းချမှု မရှိစေရေး၊ စားသုံးရန်မသင့်သည့် အေးခဲ Ready Made အသားများ၊ အစားအစာများနှင့် သက်တမ်းလွန်စားသောက်ကုန်များ ရောင်းချခြင်းမရှိစေရေးတို့ကို ကွင်းဆင်းစစ်ဆေးပြီး သန့်ရှင်းလတ်ဆတ်သော စားသောက်ကုန် ပစ္စည်းများကို ဝယ်ယူရောင်းချကြရန် ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရတနာ(တမူး)**



## အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၂၀၂၆ ခုနှစ် ဒီဇင်ဘာ ၆ ရက် (တနင်္ဂနွေနေ့)မှ ဒီဇင်ဘာ ၈ ရက်(အင်္ဂါနေ့) အထိ ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲကို အစိုးရပထမငယ်တန်း (သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။ အဘိဓမ္မာ(ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ (ဂုဏ်ထူးဆောင်) စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကို ဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း (သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်ဖြစ်စေ နှစ်ချင်းပေါက် ဖြေဆိုခွင့်ရှိသည်။ ယခင်က သုံးဆင့်လုံး အပြည့်အစုံ မအောင်မြင်သေးသူများ အနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို သက်ဆိုင်ရာ စာဖြေဌာနတည်ရှိရာ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများသို့ အချိန်မီပေးပို့ထားမည်ဖြစ်၍ အဆိုပါရုံးများတွင် စာမေးပွဲဖြေဆိုရက်မတိုင်မီ ထုတ်ယူနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ဒေသအလိုက် ဝမ်းစာဖူလုံမှုရှိစေရေး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဒေသလိုအပ်ချက်အပေါ်မူတည်၍ စနစ်တကျတွက်ချက်ကာ တိုးချဲ့ဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၁၅**

ဒေသအလိုက် ဝမ်းစာဖူလုံမှုရှိစေရေး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဒေသလိုအပ်ချက်အပေါ်မူတည်၍ စနစ်တကျတွက်ချက်ကာ တိုးချဲ့ဆောင်ရွက်သွားကြရန် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် နေပြည်တော် ကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည်။

ထို့ပြင် လတ်တလော ပြည်သူလူထုရင်ဆိုင်တွေ့ကြုံနေရသည့် ကုန်စျေးနှုန်းကြီးမြင့်မှုကို မိမိတို့ဒေသအလိုက် တာဝန်ရှိသူများက လုပ်သင့်လုပ်ထိုက်သည်များကို အမှန်တကယ် လုပ်ကိုင်ဖြေရှင်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# မြစ်ကြီးနားမြို့၌ နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် ကျင်းပ



**မြစ်ကြီးနား အောက်တိုဘာ ၁၅**

မျက်မမြင်သူများနှင့် အမြင်အာရုံချို့တဲ့သူများအား အခွင့်အရေးတန်းတူရှိသည့် လူ့အဖွဲ့အစည်းဝင်များအဖြစ် လေးစားအသိအမှတ်ပြုသည့်အနေဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်သည့် နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် မျက်မမြင်လမ်းလျှောက်ပွဲကို ယနေ့ နံနက် ၆ နာရီက မြစ်ကြီးနားမြို့ သခင်နက်ဖေလမ်း ပြည်သူ့အားကစားကွင်းရှေ့၌ ကျင်းပသည်။

လမ်းလျှောက်ပွဲကို မြစ်ကြီးနားခရစ်ယာန် မျက်မမြင်ကျောင်းအုပ်ကြီး ဦးမရန်ဂမ်ဖန်နှင့် ကျောင်းသား ကျောင်းသူများ၊ လင်းလက်ကြယ်မျက်မြင်အဖွဲ့တို့မှ မျက်မမြင်များနှင့် အမြင်အာရုံချို့တဲ့သူများ ပါဝင်ဆင်နွှဲကြပြီး လမ်းလျှောက်ပွဲကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။ (ဝဲပုံ)

အဆိုပါ အဖွဲ့ဝင်များသည် သခင်နက်ဖေလမ်းမှတစ်ဆင့် စိန်းပန်းလမ်း၊ ထိုမှတစ်ဆင့် ဆွမ်ပရာဘွမ်လမ်း၊ ဆမားလမ်းမှတစ်ဆင့် သခင်နက်ဖေလမ်းအတိုင်း ပြည်သူ့အားကစားကွင်းအတွင်း ပြန်လည်ဝင်ရောက်ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး မုန့်၊ ဖျော်ရည်ဘူးနှင့် ရေသန့်ဘူးများကို ပေးအပ်ကြကာ မိုးလုံလေလုံ အားကစားခန်းမ၌ နံနက်စာဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ဆက်လက်၍ နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် အခမ်းအနားကို အဆိုပါခန်းမအတွင်း ကျင်းပရာ မြစ်ကြီးနားခရစ်ယာန်မျက်မမြင်ကျောင်းအဖွဲ့က တေးသီချင်းဖြင့် ဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြား၍ ခရစ်ယာန်မျက်မမြင်ကျောင်းအဖွဲ့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်က တီးဝိုင်းနှင့် ဖျော်ဖြေရေးအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ရာ မျက်မမြင်ကျောင်းအုပ်ကြီးက ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားသည်။ **ပြည်နယ်(ပြန်/ဆက်)**

# နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်သင်တန်းကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များပေးအပ်

**ဖလမ်း အောက်တိုဘာ ၁၅**

တီးတိန်မြို့၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်သင်တန်းကျောင်းရှိ တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် သင်တန်းသားအိပ်ဆောင်နှင့် စာကြည့်တိုက်ပြုပြင်ပြီးစီးမှုအခြေအနေနှင့် အလုံးစုံပျက်စီးသွားသည့် အဆောက်အအုံအခြေအနေများကိုလည်းကောင်း၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာ သင်တန်းကျောင်းနည်းပြဆောင်၊ ပစ္စည်းဂိုဒေါင်၊ စားရိပ်သာနှင့်မီးဖိုချောင်၊ သင်တန်းခန်းမနှင့် သင်တန်းသူအိပ်ဆောင် ပြုပြင်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ယနေ့နံနက်ပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်သည် ချင်းပြည်နယ်လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်နှင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်းအမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး အသင့်ပြင်ဆင်ထားရန် မှာကြားသည်။




### တွေ့ဆုံအားပေးစကားပြော

ထို့နောက် တီးတိန်မြို့ ပြည်သူ့ဆေးရုံတိုးချဲ့ဆောင် တည်ဆောက်နေမှုနှင့် တည်ဆောက်ပြီးစီးမှုအခြေအနေကိုကြည့်ရှုပြီး ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများနှင့် ဆရာဝန်၊ ဆရာ ဆရာမများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ယင်းနောက် တီးတိန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တီးတိန်မြို့ မြို့မိမြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နေရပ်ပြန်ပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အရည်အသွေးကောင်းမွန်စေရေး တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီး အဂတိကင်းရှင်းအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပါ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

### ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေး

ဆက်လက်၍ ပြည်နယ်ဝန်ကြီးက ဒေသဖွံ့ဖြိုးရေးများဆောင်ရွက်ရာတွင် နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည့်အတွက် မလိုလားအပ်သော လုပ်ရပ်များမဖြစ်ပွားစေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးပြောကြားရာ မြို့မိမြို့ဖတစ်ဦးက ဒေသလိုအပ်ချက်များကို တင်ပြရာ သက်ဆိုင်ရာဝန်ကြီးဌာန ကိုယ်စားလှယ်များက ရှင်းလင်းဖြေကြားကြပြီး ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ယာယီမြို့နယ်ဦးစီးမှူးရုံး၌ လမင်းစီမံချက်ဖြင့် ဒေသခံကလေး ၅၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး အသက် ၁၀ နှစ် ပြည့်နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၅**

ရခိုင်ပြည်နယ်... 

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်နိမ့်ကျမှုကြောင့် အရေးပေါ် ရေပိုလွှဲမှ ဆည်ရေများလျှော့ချလျက်ရှိပြီး ရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တမံ၏အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံလျှော့အိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့်ရေလှိုင်းရိုက်ခတ်ခြင်းဒဏ် မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျအုပ်မိုးကာကွယ်ခြင်း၊ တမံလျှော့အိကျမှုအား ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေအား ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံ ဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ ၁၀ ပေလျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ အောက်တိုဘာ ၁၅ ရက်နေ့ ညနေပိုင်းတွင် တမံရှိရေ ၃၀၇ ဒသမ ၇၅ ပေသာ ကျန်ရှိတော့သဖြင့် ၇ ဒသမ ၂၅ ပေခန့် လျှော့နည်းသွားကြောင်း သတင်းရရှိသည်။

(၁၀၀)



# ငြိမ်းချမ်းခြင်းလက်ဆောင်

✻ ငြိမ်းချမ်းမှ စည်ပင်
စည်ပင်မှ ဖွံ့ဖြိုး
အေးချမ်းတည်ငြိမ်ပါမှ
စီးပွား, ကျန်းမာ ပညာမြင့်
တင့်လိမ့်လူမျိုး။
✻ ငြိမ်းချမ်းမှ ချစ်ကြည်
ချစ်ကြည်မှ ခိုင်မြဲ။
ရင်းနှီးပေါင်းဆုံ ညီညွတ်ပါမှ
ပြည်အတွက် မဏ္ဍိုင်ညီလို့
နိုင်ငံတည်မြဲ။
✻ မျိုးနွယ်စု ဘယ်လိုကွဲလည်း
တစ်ပင်ထဲက ခက်လက်ပမာ။
ကွဲပြားခြင်းမှာ
ခွဲခြားရန် မဟုတ်ဘဲ
တွဲဆက်ရန်သာ။
မတူညီမှုကြားက
တူညီမှုများ အတူရှာ
တူရာတွေမှာ အတူပေါင်းစည်း။
အရိပ်ထိုးနေတဲ့
အတိတ်ဆိုးတွေ ခဝါချ
မာနတွေ အပြိုင်အမုန်လျှော့လို့
နိုင်ငံကြော့ ပြည်သူအပေါင်း
ပျော်ကြောင်း ဖန်တီး။
✻ စစ်ပွဲကို အဆုံးသတ်ဖို့
သေနတ်, ကျည်ဆန် မလိုပါ။
နှစ်ထောင်ချီ ချစ်ကြည်ပေါင်းခဲ့တဲ့
တစ်လှေတည်းစီး သမိုင်းဇာတ်ကြောင်း
ပြန်ပြောင်း အဖြေရှာ။
ဦးပွဲ့ အတူထမ်းရင်း
လှိုင်းကြမ်းဖြတ်ကျော် အတူကူးခဲ့ကြ
တစ်ဦးရင်မှာ စေတနာ
တစ်ဦးရင်မှာ မေတ္တာနဲ့။
တို့ညီလျှင်
တို့ပြည်ကို နတ်ဘုံနန်းတမျှ
ခမ်းနားအောင် တည်နိုင်စွမ်းသည်မို့
နောင်ရေးမြော်မြင် အတူလှမ်းရအောင်
လက်ကမ်းပါရဲ့။
✻ တို့နိုင်ငံ အမြန်ငြိမ်းချမ်းမှ
စိမ်းလန်းဖွံ့ဖြိုး တိုးတက်မလေ။
ပြည်သူ့မျက်နှာ သေချာကြည့်
ရှိနှင့်အဖြေ။
အမုန်းများအစား
အပြုံးတံခါးကို ဖွင့်ကြမသွေ
တင့်အလှဝေ ပန်းတိုင်းမွှေး။
သွေးကြွေးအစား
ဆွေးနွေးစကား ညီတူဆိုလို့
ပြည်သူကို "ငြိမ်းချမ်းခြင်း"
နှင်းလက်ဆောင်ပေး။ ။

(NCA ၁၁ - နှစ်မြောက်
နှစ်ပတ်လည်နေ့သို့ ဂုဏ်ပြုလျက်)

**ဇော်မင်းမင်းဦး**

---

# တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှု ဖြစ်ပွားခဲ့သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၁၅**

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ် (Land Depression) ၏ အရှိန်ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း မြေပြိုကျ၍ လမ်းပိတ်ဆို့မှုများဖြစ်ပွားခဲ့သည့် ထားဝယ်-လောင်းလုံး - ကျောက်နီမော် - ရှင်မော် လမ်းမကြီးပေါ်ရှိ နေရာများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျေးရွာရပ်ကွက်များ၌ ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများပါဝင်သော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အပျက်အစီးများဖယ်ရှားခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းပေါ်ရှိ မြေစိုင်ခဲများ ဖယ်ရှားခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးသည်။

ထို့အပြင် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များက လောင်းလုံးမြို့နယ်ဝန်းကျင်ဒေသရှိ သဗျာ၊ ပညင်း၊ ညွှင်းမော်၊ ပြင်းထိန်၊ ပိန်းရှောင်၊ စန်းလှမ်း၊ အင်းဇောက်၊ ပဥ္စသီမော်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၁၄**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

---

## အကြိမ်(၉၀)မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၅**

အကြိမ်(၉၀)မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့်တီထွင်ဆန်းသစ်မှုဆိုင်ရာကော်မတီ အစည်းအဝေး (90th Meeting of the ASEAN Committee on Science, Technology and Innovation COSTI-90) နှင့် ဆက်စပ်အစည်းအဝေးများကို ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့တွင် အောက်တိုဘာ ၁၃ ရက်မှ ၁၅ ရက်အထိကျင်းပရာ အဆိုပါအစည်းအဝေးများသို့ အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ကော်မတီ National COSTI Chair၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုင်းကျော်နိုင်ဦးနှင့်အဖွဲ့၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊




အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံဆွေးနွေးဖက် Dialogue Partners နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

အစည်းအဝေးတွင် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုကော်မတီအောက်ရှိ ဆပ်ကော်မတီများ အစည်းအဝေး၏ ရလဒ်များနှင့် ဆုံးဖြတ်ချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ခြင်း၊ အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ကော်မတီ၏ မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စီမံကိန်းများဆောင်ရွက်ထားရှိမှု၊ ကူးစက်ရောဂါများ၊ ရာသီဥတုပြောင်းလဲခြင်းနှင့် အပူလွန်ကဲခြင်း Energy security, Food security, Inclusive and sustainable industrialization, Mobility, Water management စသည့် နယ်ပယ်များအလိုက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ လုပ်ငန်းအစီအစဉ် ၂၀၂၆-၂၀၃၅ (APASTI - 2026 - 2035) ဖော်ဆောင်နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွဆောင်ရွက်ရန် ဦးစားပေးအစီအစဉ်များ၊ အာဆီယံနိုင်ငံများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများအတူ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး တက်ရောက်စဉ်အတွင်း အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုင်းကျော်နိုင်ဦးနှင့်အဖွဲ့သည် မြန်မာ-မလေးရှား သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၅**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ ၉၆ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံတစ်လုံးအား ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်းနှင့် ၁၃ ထပ် အဆောက်အအုံ တစ်လုံးအားလည်း ယမ်းပြင်ယမ်းကပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ၅ ထပ်အဆောက်အအုံများအား ယန္တရားဖြင့် စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိမှု။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံး အနက် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ဖြိုချ ဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံး အနက် ၃ လုံးအား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၆၀ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု(ONLINE SCAM) များ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာအပြီးတိုင်လုံးဝ ပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန်စီစဉ် ဆောင်ရွက်ခဲ့သူကို အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် အောက်တိုဘာ ၁၅**

အမျိုးသမီးငယ်များကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်နေ အမျိုးသမီးငယ်တစ်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်နေ အမျိုးသမီးတစ်ဦးတို့ကို မခိုင်သဇင်ထွန်း(ခ)မခိုင်က ၎င်း၏ TikTok အကောင့် ခိုင်ရီး အမည်ဖြင့် အမျိုးသမီးနှစ်ဦး၏ TikTok အကောင့်သို့ အလုပ်လိုချင်လား၊ တရုတ်အမျိုးသားနှင့်အိမ်ထောင်ပြုသည့် အလုပ်ရှိကြောင်း၊ ခြောက်လ တစ်နှစ် နေရမည်ဖြစ်ကြောင်း၊ တရုတ်ငွေယွမ် ၃၀၀၀၀ ရရှိမည်ဖြစ်ကြောင်း၊ အိမ်ထောင်ပြုသည့် တရုတ်အမျိုးသားမှ မုန့်ဖိုးအဖြစ် တစ်လ မြန်မာငွေကျပ် သိန်း(၂၀/၃၀) ပေးမည်ဖြစ်ကြောင်း၊ တစ်နှစ်ပြည့်က ပြန်လာရမည်ဖြစ်ကြောင်း၊ လမ်းခရီးစရိတ် ကျခံပေးမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် မြောက်ဥက္ကလာပမြို့နယ်ရှိ တည်းခိုခန်းတစ်ခုသို့ ခေါ်ဆောင်လာကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၁၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မန္တလေး)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ပြည်ကြီးတံခွန်မြို့နယ်၊ ပြည်ကြီးတံခွန် မြို့မရဲစခန်း (ပ)၁၂၈/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး အောက်တိုဘာ ၁၅ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ ဖမ်းမိတရားခံ မခိုင်သဇင် ထွန်း (ခ)မခိုင် အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


ကျောက်ပန်းတောင်းမြို့နယ်၌ အောက်တိုဘာ ၁၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းမြင့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်း ၁၉၄ ဦးတို့နှင့်အတူ မီးသတ်ဆေးဘူးအသုံးပြု မီးငြိမ်းသတ်သရုပ်ပြစဉ်။

နေအောင်(ပြန်/ဆက်)

✻ *ကျောဖုံးမှ*

မီတာ ၄၀၀ တန်းကျော်ပြေး၊ တုတ်ထောက်ခုန်၊ သံလုံးပစ်၊ အလျားခုန်)ပြိုင်ပွဲများ၊ အမျိုးသမီး (၇-မျိုးစုံ) ပြိုင်ပွဲများဖြစ်သည့်(မီတာ ၈၀၀၊ အလျားခုန်၊ လှံတံပစ်)ပြိုင်ပွဲများ၏ နောက်ဆုံးလူရွေးပွဲစဉ်များနှင့် ဗိုလ်လုပွဲများကို အသီးသီးယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသားပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် မီတာ ၂၀၀ ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ထက်ရှိုင်းအောင်က စံချိန် 22.52 စက္ကန့်ဖြင့် ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ကောင်းဆက်ဇော်က စံချိန် 22.60 စက္ကန့်ဖြင့် ဒုတိယ၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းမှ ကောင်းခန့်ထွန်းက စံချိန် 22.63 စက္ကန့်ဖြင့် တတိယတို့ကိုလည်းကောင်း၊ မီတာ ၈၀၀ ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ဟိန်းထက်အောင်က စံချိန် 1:57.05 စက္ကန့်ဖြင့် ပထမ၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းမှ စောအယ်မှူးက စံချိန် 1:58.43 စက္ကန့်ဖြင့် ဒုတိယ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းမှ အောင်သူသျှိုင်းက စံချိန် 1:59.40 စက္ကန့်ဖြင့် တတိယတို့ကိုလည်းကောင်း၊ မီတာ ၅၀၀၀ ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ မြတ်ဝင်းလှိုင်က စံချိန် 15:51.58 စက္ကန့်ဖြင့် ပထမ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းမှ ရဲရင့်အောင်က စံချိန် 15:52.71 စက္ကန့်ဖြင့် ဒုတိယ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ သန့်ဖုန်းအောင်က စံချိန် 16:11.78 စက္ကန့်ဖြင့် တတိယတို့ကိုလည်းကောင်း၊ မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက စံချိန် 3:21.52 စက္ကန့်ဖြင့် ပထမ၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက စံချိန် 3:25.74 စက္ကန့်ဖြင့် ဒုတိယ၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းက စံချိန် 3:25.80 စက္ကန့်ဖြင့် တတိယတို့ကိုလည်းကောင်း၊ တုတ်ထောက်ခုန်ပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ကျော်စွာဟိန်းက စံချိန် 4.61 မီတာဖြင့် ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ အောင်ကျော်မင်းက စံချိန် 4.10 မီတာဖြင့် ဒုတိယ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းမှ ဂျိန်းစဘွန်း က စံချိန် 3.70 မီတာဖြင့် တတိယတို့ကိုလည်းကောင်း၊ သံလုံးပစ်ပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ထက်ဝေယံက စံချိန် 14.30 မီတာဖြင့် ပထမ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းမှ ထက်နေလင်းက စံချိန် 13.30 မီတာဖြင့် ဒုတိယ၊ အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ဥက္ကာဆက်ပိုင်က စံချိန် 12.06 မီတာဖြင့် တတိယတို့ကိုလည်းကောင်း ရရှိသည်။

အလားတူ အမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် မီတာ ၂၀၀ ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ဇူလိုင်မိုးက စံချိန် 25.74 စက္ကန့်ဖြင့် ပထမ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ နွေဦးခိုင်က စံချိန် 25.88 စက္ကန့်ဖြင့် ဒုတိယ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ကေဇင်ဖြိုးက စံချိန် 27.07 စက္ကန့်ဖြင့် တတိယတို့ကိုလည်းကောင်း၊ မီတာ ၈၀၀ ပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ရီမြာက စံချိန် 2:13.18 စက္ကန့်ဖြင့် ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ နှင်းရွှေရည်က စံချိန် 2:14.21 စက္ကန့်ဖြင့် ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ထားသဉ္ဇာအေးက စံချိန် 2:18.52 စက္ကန့်ဖြင့် တတိယတို့ကိုလည်းကောင်း၊ မီတာ ၅၀၀၀ ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ အိအိဝိုင်းက စံချိန် 18:01.60 စက္ကန့်ဖြင့် ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ လှိုင်လှိုင်မြင့်က စံချိန် 18:45.62 စက္ကန့်ဖြင့် ဒုတိယ၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ငါးမယ်က စံချိန် 19:25.78 စက္ကန့်ဖြင့် တတိယတို့ကိုလည်းကောင်း၊ မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက စံချိန် 4:00.65 စက္ကန့်ဖြင့် ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက စံချိန် 4:04.60 စက္ကန့်ဖြင့် ဒုတိယ၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက စံချိန် 4:19.84 စက္ကန့်ဖြင့် တတိယတို့ကိုလည်းကောင်း၊ အလျားခုန်ပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ဝါဝါရွှေက စံချိန် 5.36 မီတာဖြင့် ပထမ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ယဉ်ယဉ်စိုးက စံချိန် 5.35 မီတာဖြင့် ဒုတိယ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ခိုင်သဇင်ဦးက စံချိန် 5.34 မီတာဖြင့် တတိယတို့ကိုလည်းကောင်း၊ သံလုံးပစ်ပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ အေးချမ်းဗိုလ်က စံချိန် 12:24 မီတာဖြင့် ပထမ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းမှ သုနန္ဒာလွင်က စံချိန် 10.79 မီတာဖြင့် ဒုတိယ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ နွယ်နွယ်စန်းဝင်းက စံချိန် 10.42 မီတာဖြင့် တတိယတို့ကိုလည်းကောင်း၊ အမျိုးသမီး (၇-မျိုးစုံ)ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ယဉ်ယဉ်စိုးက စံချိန် 3890 pts (၃၈၉၀ မှတ်) ဖြင့် ပထမ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ခင်ရတနာအောင်က စံချိန် 3556 pts (၃၅၅၆ မှတ်) ဖြင့် ဒုတိယ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ အေးစန္ဒာဝင်းကစံချိန် 2573 pts (၂၅၇၃ မှတ်)ဖြင့် တတိယတို့ကိုလည်းကောင်း ရရှိခဲ့ကြသည်။

### တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲများအသီးသီးတွင် ဆုရရှိခဲ့သူများကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်း၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

**သတင်းစဉ်**

## တံဆိပ်အမှတ်အသားမူပိုင်ဖြစ်ကြောင်းနှင့် မှတ်ပုံတင်သွင်းလျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၇)၊ အနီးစခန်း၊ ဈေးကုန်းရပ်တွင်နေထိုင်သူ ဒေါ်သဲဖြူ (၈/ထလန(နိုင်) ဝ၅၄၉၄၁)မှ အောက်ဖော်ပြပါကုန်အမှတ်တံဆိပ် အမှတ်အသားဖြစ်သည့် "စိတ်တိုင်းကျ" "Seik Taing Kya ဇယန်းလက်ဖက်စို၊ လက်ဖက်ခြောက်နှင့် အကြော်စုံလုပ်ငန်းအား ပြင်ဦးလွင်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်မှုးရုံးတွင် မှတ်ပုံတင်သွင်း လျှောက်ထားနိုင်ရေးဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားသည် ဒေါ်သဲဖြူ၏ မူပိုင်အမှတ်အသားဖြစ်ပြီး "စိတ်တိုင်းကျ "Seik Taing Kya" ဇယန်း လက်ဖက်စို၊ လက်ဖက်ခြောက်နှင့်အကြော်စုံလုပ်ငန်းက ထုတ်လုပ်သော အင်္ဂလိပ်/မြန်မာ စာတမ်းပါ ပလပ်စတစ်အိတ်၊ ပါဆယ်ထုပ်၊ ဆိုင်းဘုတ်၊ ဘလောက်၊ တံဆိပ်တုံး၊ ငွေရ ပြေစာဖြတ်ပိုင်း၊ အသားတံဆိပ်၊ ဗွီနိုင်း၊ Letterhead ၊TV၊ မဂ္ဂဇင်း၊ စာစောင်တို့တွင် ကြော်ငြာခြင်း၊ ခေတ်မီနည်းပညာသုံး internet, website, facebook, youtube, telegram အစရှိသည့် ခေတ်မီနည်းပညာသုံး လူမှုကွန်ရက်များ၊ ရိုက်နှိပ်၊ ဖိနှိပ်၍ အရောင်အမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုးဖြင့် "စိတ်တိုင်းကျ" "Seik Taing Kya" ဇယန်းလက်ဖက်စို၊ လက်ဖက်ခြောက်နှင့်အကြော်စုံကို တစ်ဦးတည်းကသာ ပြင်ဦးလွင်နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပြုလုပ်သုံးစွဲ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိမှလွဲ၍ အခြားသူတစ်ဦးတစ်ယောက်မှလည်းကောင်း၊ အခြားအသင်းအဖွဲ့၊ အဖွဲ့အစည်းများမှလည်းကောင်း၊ လူမှုကွန်ရက်စာမျက်နှာများတွင်လည်းကောင်း၊ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားတုပ ပြုလုပ်သုံးစွဲခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည့်အပြင် တုပပြုလုပ်ထားသည့် ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကိုပယ်ဖျက်ပေးသည်အထိ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးသူဇာလင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(မ-၁၀/၁၁)၊ ဇမ္ဗူဒီပါလမ်း၊ ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း- ၀၉ - ၄၃၁၈၉၃၉၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၃၊ မြေကွက်အမှတ်-(၁၆၂/ခ)၊ မြေအကျယ်အဝန်း ပေ(၂၀x၆၀)၊ ဦးလှသောင်း (YNG-၁၂၆၃၁၃) အမည်ပေါက် မြေချပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မြင့်မြင့်သန်း (၈/နမန(နိုင်)၀၀၀၈၈၅) က မိမိတစ်ဦးတည်း ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံပြောဆိုသဖြင့်ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သူဇာစန်း ( ၉/မထလ(နိုင်)၀၀၁၉၂၇) က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကောင်းမြတ်ဦး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်- ၂၀၃၅၇)**
**ဖုန်း - ၀၉- ၄၂၀၂၁၉၃၁၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ ဥက္ကလာ(၃) လမ်း၊ အမှတ်(၇၂)ဟု ခေါ်တွင်သော အကျယ်အဝန်း ပေ(၂၀ x ၆၀)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အကျယ်အဝန်း (၁၇ x ၅၄)ပေရှိသည့် (၆)လွှာ (ပဉ္စမထပ်)တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကန်ထရိုက်တာထံမှ တစ်ဆင့် အရောင်းအဝယ်ဆက်စပ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူသူ ဒေါ်နိုင်ဦးလှိုင်ဝေ၏ တရားဝင်ခင်ပွန်းဖြစ်သူ ဦးသက်ပိုင်ဇော်(၁၂/ဥကမ(နိုင်)၁၉၂၉၁၆)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဝါဝါလှိုင် (၁၂/ဥကမ(နိုင်)၁၃၅၇၂၉)က အပြီးအပိုင်ဝယ်ယူရန် အတွက် တန်ဖိုးငွေ၏ တစ်စိတ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၀) ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝါဝါလှိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်သဇင်စိုး (LL.B) (D.B.L) (D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၄၄)**
**အမှတ်(၂၇၀)၊ ခေမာ(၂)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၇၄၆၀၀၈၉၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဇဇ-၁၆)၊ ဦးပိုင်အမှတ်(၅၂)၊ ၄၇x၄၈ကြား၊ ၁၀၈x၁၀၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးလျိုရှိန်ကောင်း ၁၃/ကခန(နိုင်) ၀၃၉၅၅၇က အမှုတွဲအမှတ် (၂၉၇၀/၂၀၂၆-၂၀၂၇) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ **တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇာဇာစိုး (၁၂/မဘန(နိုင်)၁၃၅၇၉၀) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်သည်မှာ-

ဒေါ်ဇာဇာစိုး (၁၂/မဘန(နိုင်)၁၃၅၇၉၀)နှင့် ဦးညီညီဇော်(၁၁/စတန(နိုင်) ၀၈၇၄၆၁) တို့မှာ တရားဝင်အကြင် လင်မယားဖြစ်ပြီး ဦးညီညီဇော်သည် မိသားစုကို ကျွေးမွေးစောင့်ရှောက်ခြင်း အလျဉ်းမရှိခဲ့ဘဲ၊ ကျွန်ုပ်မိတ်ဆွေအပေါ် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်ခဲ့သောကြောင့် ယနေ့မှစ၍ ကျွန်ုပ်မိတ်ဆွေ၏ ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သတ်သည့် ကိစ္စရပ်မှန်သမျှ ကျွန်ုပ်မိတ်ဆွေနှင့် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇာဇာစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကျော့ကျော့မွေး အထက်တန်းရှေ့နေ(စဉ်-၃၃၇၁၃)**
**တိုးချဲ့(၄)ရပ်ကွက်၊ ထာဝရလမ်းသွယ်(၄)၊ မော်ဘီမြို့၊**
**Ph: 09-768912021**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ၂၀၂၅ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် - ၁၄

ဦးအောင်မြင့်သိန်း **နှင့်** ၁။ ဦးမင်းနိုင်
(၎င်း၏ အခွင့်ရကိုယ်စားလှယ် ၂။ဒေါ်ဌေးဝင်းကြည်(ခ) ဒေါ်ဝင်းကြည်
ဦးအောင်ထွန်းအေး) ၃။ ဦးမြင့်ထွေး
၄။ ဦးမျိုးဆွေ

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၃၁၅ တွင်ချမှတ်သော ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်စွဲပါ အမိန့်ကို အထူး အယူခံတင်သွင်းမှု။

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း၊ အခန်း(၉)၊ ( ၅-လွှာ)၊ အမှတ်(၁၈)နေ အယူခံတရားပြိုင်(၃) ဦးမြင့်ထွေးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၃) ရပ်ကွက်၊ (၁၂) လမ်း၊ အမှတ် (၂၆၂) နေ အယူခံတရားပြိုင်(၄) ဦးမျိုးဆွေ (ယခုလိပ်စာမသိသူများ) သိစေရမည်။

ယခုအထူးအယူခံမှုတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ချမှတ်သည့် အမိန့်ကို တရားစီရင်ရေးဥပဒေပုဒ်မ ၁၉ အရ အထူးအယူခံဝင်ခွင့်ပေးပါမည့် အကြောင်း အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေကတင်သွင်းရာ မှတ်ပုံတင် စာရင်းတင်သွင်းပြီးဖြစ်ကြောင်းနှင့် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ ကိုယ်စား သင်တို့၏ တရားလွှတ်တော်ရှေ့နေကဖြစ်စေ (သို့မဟုတ်) သင်တို့အတွက် ဆောင်ရွက်ရန် တရားဥပဒေအရအာဏာ လွှဲအပ်ထားသူ တစ်စုံတစ်ယောက်က ဖြစ်စေ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားမတရားစီရင်ရေးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးထံ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် ) နံနက်(၁၀:၀၀) နာရီ အချိန်တွင် ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ( ၉ ) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( တင်မေလတ်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## မွေးသက္ကရာဇ်အမှန်

ဖြူးမြို့နယ်၊ မူလွန် (သနပ်ကွင်း)ကျောင်းမှ ဒုမူပြ ဆရာမ ဒေါ်စန်းစန်းလှိုင် ၇/ဖမန(နိုင်) ၀၂၆၀၀၆၏ မွေးသက္ကရာဇ် အမှန်မှာ ၂၂-၅-၁၉၆၉ ဖြစ်ပါကြောင်း။

**ဒေါ်စန်းစန်းလှိုင်**

## ဖခင်အမည်မှန်

တောင်ကြီးတက္ကသိုလ် ၂၀၂၅ခုနှစ်၊ အဝေးသင်ပညာရေး စတုတ္ထနှစ် အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုအောင်မြင်ခဲ့သော လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာအုပ်စု မန်နားကျေးရွာမှ မအိအိဖြိုး ၁၃/လရန(နိုင်)၂၂၉၂၀၆၏ ဖခင်အမည်မှန်မှာ ဦးအားထိမ်(ခ) ဦးရှောက်ထန် ဖြစ်ပါကြောင်း။

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ဗိုလ်ကြီးအောင်ကျော်ကျော် ကြည်း-၇၂၇၅၆ (၇/ဝမန(နိုင်) ၁၃၅၂၄၈)နှင့် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်နေ ဒေါ်လမင်းမဥ္ဇူရီ၊ ၁၃/တကန(နိုင်)၁၅၅၀၇၄ တို့သည် (၈-၁၀-၂၀၂၆) ရက်နေ့က မိတ္ထီလာမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီး ရှေ့မှောက်တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီး ဖြစ်ပါကြောင်း၊ နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက် ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်းနှင့် ဒေါ်လမင်းမဥ္ဇူရီနှင့်ပတ်သက်သော ကိစ္စအရပ်ရပ်တို့အား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဗိုလ်ကြီးအောင်ကျော်ကျော်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟန်မြင့်(LL.B)၊ အထက်တန်းရှေ့နေ၊ စဉ်-၅၀၄၇၁၊**
**ပေါက်ချောင်းရပ်ကွက်၊ မိတ္ထီလာမြို့၊ ဖုန်း-၀၉-၄၀၂၅၃၄၆၉၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁)ရပ်ကွက်၊ ရောဝဏ်လမ်းမကြီး၊ ရောချမ်းသာ အဆင့်မြင့်ကွန်ဒို၊ တိုက်အမှတ်(14/B)၊ (16)ထပ်၊ လူနေအိမ်ခန်းအမှတ်(330)၊ အကျယ် (1184)စတုရန်းပေ၊ ရေ၊ မီး အပါအဝင် ဖြစ်သော ကွန်ဒိုတိုက်ခန်းသည် ဒေါ်မိုးမိုးအေး ၁၂/တမန(နိုင်)၀၈၆၉၆၇ ၏ အမည်ပေါက် လက်ရှိလက်ရောက်ပိုင်ဆိုင်သည့် ကွန်ဒိုတိုက်ခန်း ဖြစ်ပါသည်။ ယင်းကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်သော နေထိုင် ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း မြွက်ဟဝန်ခံသူ ဒေါ်မိုးမိုးအေး ၁၂/တမန(နိုင်)၀၈၆၉၆၇ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်စိုးမော်ဦး၊ ၁၀/မလမ (နိုင်)၀၄၈၅၀၄ သည် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အထက်ပါ အရောင်း အဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာချုပ်စာတမ်း မူရင်း များနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မေဇင်ဦး (LL.B)** **ဒေါ်ရွှေစင်ယမင်း (LL.B)**
**အထက်တန်းရှေ့နေ ( စဉ်-၅၂၉၅၇ )** **အထက်တန်းရှေ့နေ ( စဉ်-၅၅၁၇၄ )**
**အမှတ်(၃၁၆)၊ ရတနာလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉ - ၇၆၆၈၈၇၄၄၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၃၅၄၉၅, Honda Dream -125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းစန္ဒာ (၆/ရဖန(နိုင်)၀၃၃၈၂၉) က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/36339, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မင်းပိုင် ၁၄/မအန(နိုင်)၂၅၄၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟသ်ာတ)**

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန်ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅)
## မြောင်းမြခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်- ၂၀

ဒေါ်ခင်ဝင်း **နှင့်** ၁။ ဒေါ်ကြည်ငွေးဝင်း
၂။ ဒေါ်သန်းငွေးဝင်း
၃။ ဦးကျော်ကျော်ဝင်း
၄။ ဦးပေါက်ကြီး
၅။ ဒေါ်သန္တာဝင်း
၆။ ဦးသန်းထွန်းဝင်း

**(ပြင်ဆင်မှုလျှောက်ထားသူ)** **(ပြင်ဆင်မှုလျှောက်ထားခံရသူများ)**

မြောင်းမြမြို့နယ်တရားရုံးတော်၏ တရားမဇာရီမှုအမှတ် ၁၂၁/၂၀၂၃ ၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်စွဲပါ အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာနှင့် ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့၊ အမှတ်(၈) ရပ်ကွက်၊ ဇေယျာမေဒနီ(၂)လမ်းနေ လျှောက်ထားခံရသူ(၆)ဦးသန်းထွန်းဝင်း (ဘ) ဦးသန်းရွှေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် မြောင်းမြမြို့နယ်တရားရုံးတော်၏အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာ (၁)စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်ယယ်ယယ်မြင့်က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၉)ရက် ( ၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လကွယ် ၁၄ ရက်) နံနက်(၁၀)နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်ကချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စား လှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချိုချိုမာ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မြောင်းမြခရိုင်တရားရုံး**

## မိခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အထက(ခွဲ) လ-၂ Grade-12 မှ မောင်ကောင်းမင်းခန့်၏ မိခင်အမည်မှန်မှာ မစုလပ် (၁၃/တကန(နိုင်) ၃၇၂၅၆၀) ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ချောက်ခရိုင်၊ ချောက်မြို့၊ အမှတ်(၁၂) ရပ်ကွက်၊ ရွှေတွင်းကုန်းရပ်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၂၄/တောင်ရပ်အရှေ့)၊ ဦးပိုင်အမှတ်(၂၄၂)၊ မြေကွက်အမှတ် (၃၇၆)၊ မြေဧရိယာ (၀.၀၅၉)ဧကရှိမြေကွက်အား ဒေါ်အေးအေးအောင်မှ မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။ ထိုသို့ လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြေညာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြား ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ချောက်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ မြိတ်တောင်အလယ်ပိုင်းရပ်၊ အောင်ချမ်းသာ(၂)လမ်းရှိ ကွင်း/အကွက်အမှတ်နှင့်အမည်-၂၃၇/ ကုန်းဖောက်၊ ဦးပိုင်အမှတ် ကျ/၃၃ / ၂၆/၁၈ ၊ ဧရိယာ (၀.၀၆၈)ရှိမြေကွက် (၁)ကွက်နှင့် ယင်းမြေပေါ်၌ဆောက်လုပ်ထားသောနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဦးမြင့်သူ ၆/မမန(နိုင်) ၁၈၁၇၂၄ နှင့် ဒေါ်ခင်တွယ်တာလွင် ၆/မမန(နိုင်)၁၈၁၄၃၆ တို့က ၎င်းတို့သာ လျှင် တရားဝင်ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး လွှဲပြောင်းရောင်းချခွင့်အပြည့်အဝရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်တော်ဦးသန်းနိုင် (၆/ကစန(နိုင်)၀၂၅၉၇၂နှင့်ဇနီး ဒေါ်ချောအိ (၆/မအရ(နိုင်)၁၀၄၄၂၅)တို့က ဝယ်ယူရန် အတွက် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါနေအိမ်နှင့် မြေကွက်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ အကျိုး သက်ဆိုင်ခံစားခွင့်ရှိ သူမည်သူမဆို ခိုင်မာသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းနိုင်နှင့်ဇနီး ဒေါ်ချောအိ**
**တောကျောင်းလမ်း၊ သန်းဖိုရပ်၊ မြိတ်မြို့၊ ဖုန်း-၀၉-၄၅၂၀၁၉၉၉၃**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/ ၇၀၀၉၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ ကွင်းအမှတ်-၁၀(က)ကန်ကြီးကွင်း၊ ဦးပိုင်အမှတ် (က/၂၁၈)၊ မြေဧရိယာ (သုည ဒသမ ၀၂၈) ဧကအား မြေငှားဂရန် အမှုတွဲအမှတ်၊ ၂၄/၂၀၂၅-၂၀၂၆ အရ ဦးမြင့်ဆွေ၊ ဒေါ်တင်တင်ဝါ အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူတို့ထံမှ အရောင်းအဝယ် စာချုပ်အမှတ် (၁၂၃/၂၀၂၆) ဖြင့် ဒေါ်မြင့်မြင့်အေး ၆/မအရ(နိုင်)၀၉၇၈၃၈ ပါ (၃)ဦးတို့မှ ဝယ်ယူ ပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်မြင့်မြင့်အေး ၆/မအရ(နိုင်)၀၉၇၈၃၈၊ ဒေါ်နွယ်နွယ်ဝေ ၆/မအရ(နိုင်)၁၁၀၆၆၆၊ ဒေါ်လဲ့လဲ့ဝင်း ၆/မမန (နိုင်) ၁၁၅၅၃၉ တို့မှ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇/အနောက်)ရပ်ကွက်၊ ပတ္တမြား(၄)လမ်း၊ အမှတ်(၁၀၉၅)၊ အခန်းအမှတ် (စတုတ္ထထပ်) (၅-လွှာ) (ခေါင်းရင်းခန်း/လက်ဝဲဘက်ခြမ်း)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိ ပြုသူ ဦးကျော်ရဲသူ (၇/မလန(နိုင်)၀၉၆၆၂၇) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်ကျော်ဇင်မြင့် (၇/ဒဥန(နိုင်) ၁၁၂၉၄၉)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုခိုင် (LL.B) (စဉ်-၁၁၅၅၃)** **ဒေါ်ခင်စောသိန်း (LL.B) (စဉ်-၁၃၂၈၆)** **ဒေါ်သိမ့်သဥ္ဇလီ(LL.B,LL.M)(စဉ်-၅၆၈၈၇)**
**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၃၀၂၆၁၉၉၊ ၀၉ -၇၃၀၂၆၁၉၉**

## အများသိစေရန် အသိပေး ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မောင်သန်းတိုးစံ (ဘ) ဦးသန်းငွေ ၇/အတန (နိုင်)၁၅၃၀၈၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေး ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မောင်သန်းတိုးစံသည် မိဘ၏အုပ်ထိန်းမှု အောက်တွင် ကောင်းသောဂုဏ်သတင်းဖြင့်လည်းကောင်း မိမိနေထိုင်ရာ ပတ်ဝန်းကျင်တွင်လည်းကောင်း ၊ အမည်ပျက်မရှိဘဲ နေထိုင်သည့် အမျိုးကောင်းသား ကျောင်းသားတစ်ဦးဖြစ်ပါသည်။ မောင်သန်းတိုးစံအား အချို့လူပုဂ္ဂိုလ်များမှ ဂုဏ်သိက္ခာထိခိုက်ကျဆင်းအောင်နှုတ်ဖြင့်ဖြစ်စေ၊ ကိုယ်ထိလက်ရောက်ဖြစ်စေ၊ ဆက်သွယ်ရေး ကွန်ရက်တစ်ခုခုကိုအသုံးပြု၍ဖြစ်စေ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ စိတ်ငြိုငြင်စေခြင်း မဟုတ်မမှန်စွပ်စွဲခြင်းများ မပြုလုပ်ကြရန်နှင့် ပြုလုပ်ဆောင်ရွက်မှုကြောင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်ခဲ့ပါလျှင် ပြုလုပ်သူ မည်သူ့ကိုမဆို တည်ဆဲဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မောင်သန်းတိုးစံ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထွေးမိုးမိုး ( LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၃၂၁၁)**
**ဖုန်း-၀၉-၄၂၈၁၂၆၃၈၂**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၁၀-၂၀၂၆ ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၈) သား အဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း ကြော်ငြာတွင် ဒေါ်ချိုနွယ်ဦး အစား ဒေါ်ချိုနွယ်စိုး တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၆၀၀)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/6018 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန (မြို့တော်ဂေါက်ကွင်း)ရှိ ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း (Practice Range) တွင် ပုဂ္ဂလိကမှ မိမိအစီအစဉ်ဖြင့် ယာယီအဆောက်အအုံ ဆောက်လုပ်ပြီး ဂေါက်သီးငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်းအား လုပ်ကိုင်ဆောင်ရွက်ရန်အတွက် နှစ်တိုငှားရမ်းမည်ဖြစ်၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - (၁၆-၁၀-၂၀၂၆) ရက်

( ခ ) **တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့်ရက်/ အချိန်** - (၂၈-၁၀-၂၀၂၆)ရက်၊ (၁၆:၀၀)နာရီ

(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဖုန်းနံပါတ် ၀၆၇-၃၄၃၂၄၉၁ ၊ ၀၆၇-၃၄၁၀၂၂၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း နိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၂၀)
## သာကေတမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ် ၊ တရားမကြီးမှုအမှတ်-၉၈

ဦးမောင်မောင်ခင် **နှင့်** SM ရှိတ်မိုဟီဒင်
(၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်ခင်စိုးလွင်)
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မင်္ဂလာတောင်ညွန့်ရပ်ကွက် ၊ လမ်း (၁၁၀)၊ တိုက်အမှတ်-၇ ၊ (၄)လွှာ နေ တရားပြိုင် SM ရှိတ်မိုဟီဒင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမောင်မောင်ခင်(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်စိုးလွင်) က ပဋိညာဉ်အတိုင်း အိမ်နှင့်မြေအား အရောင်းအဝယ်မှတ်ပုံတင် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ် ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ် ၊ အောက်တိုဘာလ (၂၉) ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၃ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ် ၊ အောက်တိုဘာလ (၁၅) ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြရွှေဇင် )
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**သာကေတမြို့နယ်တရားရုံး**

---

## အများသိစေရန် ကြေညာခြင်း

မြိတ်မြို့၊ နောက်လယ်ရပ်ကွက်၊ အကွက်အမှတ်(၂၅-ခ)၊ အကွက်အမည်၊ နောက်လယ်ကွင်း၊ ဦးပိုင်အမှတ် (၁၁၁/၁၄၃) ၊ ဧရိယာ (၀ ဒသမ ၀၂၈) ဧကကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဦးပြည့်စုံဝင်း ပါ (၂)ဦးမှ လျှောက်ထားလာသည့်အတွက် ၎င်းတို့၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လို သူများရှိပါက ၂၀၂၆ခုနှစ်၊ နိုဝင်ဘာလ(၁)ရက် မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြိတ်မြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 29W/19269, Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဇာခြည်ကျော် (၂/လကန(နိုင်) ၁၀၁၅၉၁) က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး**
**(လွိုင်ကော်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/24751 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသူ ၉/တကန(နိုင်)၀၀၆၃၀၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရမည်းသင်း)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/9551, Honda CBR 150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေဇော်ဦး ၆/ထဝန(နိုင်)၁၃၇၈၆၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၁၆၅၃၈, Honda Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးသူ ၆/လလန(နိုင်) ၁၂၇၀၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

---

## အစုရှယ်ယာရှင်များသို့အသိပေးအကြောင်းကြားခြင်း

၁။ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် (၃၀)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးကို ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလတွင် ဘဏ်၏သင်းဖွဲ့ စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်းများနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ ရွေးချယ်ခံမည့်ဒါရိုက်တာများက အဆိုပြုလွှာစာရင်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ အထွေထွေအစည်းအဝေးမကျင်းပမီ ကြိုတင်ပေးပို့တင်ပြရမည် ဖြစ်ပါသည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၏ သင်းဖွဲ့စည်းမျဉ်း စာပိုဒ် (၈၄) အရ "လစ်လပ်သော ဒါရိုက်တာနေရာအတွက် အရွေးချယ်ခံရန် အစုရှယ်ယာ (၁,၀၀၀) စု နှင့် အထက်ပိုင်ဆိုင်သူသာလျှင် ဝင်ရောက် ရွေးချယ်ခံပိုင်ခွင့်ရှိပါသည်။ အစုရှယ်ယာ (၁,၀၀၀)စု ဟုဆိုရာတွင် အရွေးချယ်ခံမည့်သူသည် မိမိအမည်ဖြင့် အစုအနည်းဆုံး(၁၀၀)စုရှိရမည်ဖြစ်ပြီး မိသားစုတွင်လည်းကောင်း၊ မိမိအားယုံကြည်၍ ကိုယ်စားလွှဲအပ်ပေးမည့်သူ၏ အစုရှယ်ယာအားလည်းကောင်း၊ ဖြည့်စွက်၍ ကိုယ်စားပြုထည့်သွင်း၍ ရွေးချယ်ခံခွင့်ရှိပါသည်။ ကိုယ်ပိုင်အစုရှယ်ယာ (၁၀၀)စုနှင့် အထက်ပိုင်ဆိုင်သူများအနေဖြင့် ဒါရိုက်တာအဖြစ်ဝင်ရောက်ရွေးချယ်ခံမည်ဆိုပါက အစုရှယ် ယာအရေအတွက် (၁,၀၀၀)စု (သို့မဟုတ်) ကိုယ်စားလှယ်လွှဲအပ်ထားသည့် ကိုယ်စားလှယ်လွှဲစာတို့နှင့်အတူ **(၂၃-၁၀-၂၀၂၆)ရက်၊ ညနေ(၄:၀၀) နာရီ** နောက်ဆုံးထား၍ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ် အမှတ်(၂၉၈)အနော်ရထာလမ်းနှင့်ဝါးတန်းလမ်းထောင့်၊ အမှတ်(၂)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့လာရောက်၍ အဆိုပြုလွှာဖြင့် လျှောက်ထားနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

၃။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ဝင်ရောက်ရွေးချယ်ခံမည့်ပုဂ္ဂိုလ်များသည် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ အခန်း(၁၀)၊ ပုဒ်မ(၇၆)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မငယ်(၁)မှ (၈)အထိ ဖော်ပြထားသည့်အရည်အချင်းများနှင့် ကိုက်ညီရမည်ဖြစ်ပါသည်။ အဆိုပြုလွှာ ဖြည့်စွက်ရန် လာရောက်ပါက မှတ်ပုံတင်မူရင်း၊ လိုင်စင်ဓာတ်ပုံ (၁)ပုံနှင့် အစုရှယ်ယာပိုင်ဆိုင်မှု အထောက်အထား မူရင်း များအား တစ်ပါတည်းယူဆောင်လာပါရန် မေတ္တာရပ်ခံပါသည်။

၄။ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပမည့် အစီအစဉ်အား နိုင်ငံပိုင်သတင်းစာများမှ ထပ်မံကြေညာသွားမည်ဖြစ်ပါသည်။ ထပ်မံသိရှိလိုသည့်အချက်များရှိပါက လိုက်နာဆောင်ရွက်ရေးဆိုင်ရာအရာရှိချုပ် ဖုန်း-၀၉-၇၉၉၈၆၇၀၀၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်**

---

## အမည်မှန်

ထားဝယ်မြို့၊ ကျောက်ရပ်ကျေးရွာအုပ်စု၊ ပေါက်တိုင်းကျေးရွာ၊ စပါးတောင်ပတ်လမ်း၊ အမှတ်(၁၉၉)နေ ဦးသန်းဆွေ၏သား အထက(၃) ထားဝယ်၊ Grade-မောင်ဖွဲ့ဘုန်းမြတ်ဆွေ၏ အမည်မှန်မှာ မောင်ကောင်းဆက်ဟိန်း ဖြစ်ပါကြောင်း။

**မောင်ကောင်းဆက်ဟိန်း**

---

## ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၈-၂၀၂၆ရက်နေ့ထုတ် ဤသတင်းစာ စာမျက်နှာ (၂၅)တွင် ပါသော အများသိစေရန် အသိပေးကြော်ငြာ တွင် ဒေါ်သန်းသန်းငွေ(ခ) ဒေါ်သက်သက်လှိုင် ၉/ဝတန(နိုင်) ၁၁၄၈၆၉ အစား ၉/ဝတန(နိုင်) ၁၁၄၈၉၆ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၁၁၈၃)၊ မြေဧရိယာ (၀.၁၄၆)ဧကရှိ ဒေါ်ဝင်းဝင်းမင်း (ဘ) ဦးစောထွန်းရှက်(ခ)ထွန်းရှိန် ၁၂/တမန(နိုင်)၀၀၀၆၄၉ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်ဝင်းဝင်းမင်းမှ ဒေါ်မြတ်သော်တာအေး (ဘ)ဦးမြတ်သူ ၁၂/ဥကတ (နိုင်) ၁၆၀၂၈၂နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိ အလယ်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၀၄၁၃)၊ မြေဧရိယာ (၀.၁၄၆) ဧကရှိ ဒေါ်ဗျားအောင်သိန်းကျော် (ဘ) ဦးအောင်သိန်းကျော် ၁၂/ဗဟန(နိုင်) ၀၉၅၀၂၃ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်ဗျားအောင်သိန်းကျော်မှ ဦးဟန်ပိုင်စိုး (ဘ)ဦးသန့်ဇင်ထွေး ၁၂/လမတ(နိုင်)၀၃၈၀၂၈နှင့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူ များအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ဇဇ-၁)၊ ဦးပိုင်အမှတ်(၁၆)၊ ၅၉လမ်း၊ ၁၀၇x၁၀၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သိန်း ၁/ကမန(နိုင်)၀၁၈၁၈၀က အမှုတွဲအမှတ်(၂၉၇၁/ ၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကျန်းမာရေးဝန်ကြီးဌာန
## တနင်္သာရီတိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ ထားဝယ်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ကျန်းမာရေးဝန်ကြီးဌာန၊ကုသရေးဦးစီးဌာန၊တနင်္သာရီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၏ ၂၀၂၆ - ၂၀၂၇ ခု ဘဏ္ဍာနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မြိတ်ပြည်သူ့ဆေးရုံကြီးတွင် (၈)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း (၂၅၂၃၈ စ/ပေ)ရှိ (၄)ထပ် အဆောက်အအုံ၊ ရေသန့်၊ လျှပ်စစ်နှင့် အခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၁။ **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေ့ရက်** - ၁၅ - ၁၀ - ၂၀၂၆ ရက် (ကြာသပတေးနေ့)

၂။ **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** - တိုင်းဒေသကြီးကုသရေး ဦးစီးဌာနရုံး၊ ထားဝယ်မြို့

၃။ **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့် နေ့ရက်နှင့်အချိန်** - ၂၈ - ၁၀ - ၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့)ညနေ (၄:၀၀)နာရီ

၄။ **တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့် အချိန်** - ထပ်မံအကြောင်းကြားပါမည်

၅။ **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - တိုင်းဒေသကြီးကုသရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်းဖုန်း-၀၉-၄၀၂၅၃၆၉၆၃သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါဗဟိုကော်မတီ**

---

## အမည်မှန်

ဘားအံမြို့နယ်၊ တရုတ်လှ ကျေးရွာ၊ အခြေခံပညာ အထက်တန်းကျောင်း Grade-7မှ ဦးဘိုဘို၏သမီး မလှိုင်းသဇင်မျိုး၏ အမည်မှန်မှာ မလှိုင်သဇင်မျိုး ဖြစ်ပါကြောင်း။

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/93756, Owl Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုလတ် (၁၄/ဟသတ(နိုင်) ၂၂၃၈၄၄) က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၁ကအုတ်ကျင်းရွာ)၊ ဦးပိုင်အမှတ် (၃၃၄+၃၃၅)၊ မြေဧရိယာ (၀.၀၅၅)ဧကရှိမြေကွက်သည် မူလက ဒေါ်ဆိုင်းရာ အမည်ဖြင့် (၂၀-၁-၂၀၁၉) ရက်အထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ ဦးပိုင်(၃၃၄)၊ မြေဧရိယာ(၀.၀၅၅)ဧကအပိုင်းကို (၂-၁၂- ၂၀၁၅)ရက်တွင် ဒေါ်ဆိုင်းရာထံမှ ဒေါ်ချိုချိုဦးက နှစ်ဦးသဘောတူ ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်ချိုချိုဦး ၁/မကန(နိုင်)၁၁၉၅၆၅ အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် (၃-၇-၂၀၂၆)ရက်စွဲပါကျမ်းကျိန်လွှာအမှတ်(၅၀၂/၂၀၂၆)ကို (၇-၇- ၂၀၂၆) ရက်စွဲပါကျမ်း ကျိန်လွှာမှတ်ပုံတင်အမှတ်(၄၀၄/၂၀၂၆) ပြုဆိုတင်ပြလျက် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၈)၊ မြေကွက်အမှတ်(၁၁၄၀) ဟုခေါ်တွင်သော မြေအလျားxအနံပေ(၄၀x၆၀)ရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်အေးအေး (X/RGN-၀၀၀၄၃၅) (၁၂/စခန(နိုင်)၀၀၃၈၀၃)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမင်းသူအောင် (၁၂/ဒဂတ(နိုင်)၀၅၁၄၅၄) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ငွေငွေဝင်း (၅/မရန(နိုင်)၀၅၁၀၁၈)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက် ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉- ၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဆန်စက်လမ်းနှင့်ဖန်ချက်လမ်းကြား၊ မုဒိတာ အိမ်ရာ(၂)၊ တိုက်အမှတ်(A-2)၊ အခန်းအမှတ်(437)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးကျော်အောင်(၁၄/လမန(နိုင်)၀၅၅၈၅၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အေးမြတ်ရတနာမင်း (၁၂/ရပသ(နိုင်)၁၄၅၇၄၀)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စုစုခိုင် (LL.B) (စဉ်-၁၁၅၅၃)** **ဒေါ်ခင်စောသိန်း (LL.B) (စဉ်-၁၃၂၈၆)** **ဒေါ်သိမ့်သဉ္ဇလီ (LL.B, LL.M) (စဉ်-၅၆၈၈၇)**
**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၃၀၂၆၁၃၉၉၊ ၀၉-၇၃၀၂၆၁၃၉၉**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၂၁၂၄)၊ မြေဧရိယာ( ၀ဒသမ၁၄၆) ဧကရှိ ဦးသန်းထွန်းဦး(ဘ)ဦးလှိုင် ၉/ကပတ(နိုင်) ၁၆၉၈၈၆ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဦးသန်းထွန်းဦးမှ ဒေါ်လီရှောက်ရှိုး(ဘ)ဦးလီကျွမ်းတယ် ၁၃/လကန(နိုင်)၀၂၀၀၀၁ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/8496 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွား၍ ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(မိတ္ထီလာခရိုင်)**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကွတ်ခိုင်မြို့၊ ရပ်ကွက်(၄) နေ မောင်သီဟထွန်းနှင့် မမေသရဖူတို့၏ဖခင် ဦးကူဗင်း(ခ)ဗလာရမ် (ခ) ကူဘီ(ရ်)မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5J/5980, T. Mark II GX 110, S/L (4x2)(R) ယာဉ်လက်ဝယ်ရှိသူ မောင်မောင်မင်းခန့်ချော (၇/ပခန (နိုင်)၄၁၈၀၆၆) က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုတရားလွှတ်တော်ချုပ်
# ကြော်ငြာစာအမှတ်( ၁ / ၂၀၂၆ )
# လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်လက်အောက်ရှိ တရားရုံးအသီးသီးတွင် လစာနှုန်း ကျပ် ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀ ရရှိသော တရားရေးဝန်ထမ်းအဆင့် (၄) (ဒုတိယမြို့နယ်တရားသူကြီးအဆင့်) ရာထူးနေရာ (၇၉) (ကျား ၃၉ + မ ၄၀) နေရာ နှင့် e-Government ဌာန၊ ဒုတိယဦးစီးမှူးရာထူးနေရာ (ကျား/မ) (၁)နေရာ လစ်လပ်လျက်ရှိပါသဖြင့် ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အဆိုပါရာထူးနေရာကို လျှောက်ထားလိုသူများအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်သည်။

၂။ (က) တရားရေးဝန်ထမ်းအဆင့်(၄) (ဒုတိယမြို့နယ်တရားသူကြီးအဆင့်) လျှောက်ထားသူသည်–
- (၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (၂) အနိမ့်ဆုံးဥပဒေဘွဲ့ (အယ်လ်အယ်လ်ဘီဘွဲ့) ရရှိပြီးသူဖြစ်ရမည်။
- (၃) ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (၄) ကိုယ်လက်အင်္ဂါပြည့်စုံ၍ ကျန်းမာသန်စွမ်းပြီး အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- (၅) ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ မဟာဥပဒေဘွဲ့ရရှိသူဖြစ်ပါက အသက်(၂၈)နှစ်ထက် မကြီးသူဖြစ်ရမည်။ လက်ရှိဝန်ထမ်းဖြစ်ပါက အသက်(၂၇)နှစ်ထက်မကြီးသူဖြစ်ရမည်။
- (၆) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း(Removal)များ လျှောက်ထားခွင့်မရှိပါ။

(ခ) e-Government ဌာန၊ ဒုတိယဦးစီးမှူးရာထူး လျှောက်ထားသူသည် –
- (၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (၂) အနိမ့်ဆုံး B.C.Sc, B.E(IT), B.C.Tech, B.E(IST) ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- (၃) တက္ကသိုလ်တစ်ခုခုမှ အခြားဘွဲ့တစ်ခုခုရရှိပြီး နည်းပညာဆိုင်ရာ ဒီပလိုမာဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။
- (၄) ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (၅) ကိုယ်လက်အင်္ဂါပြည့်စုံ၍ ကျန်းမာသန်စွမ်းပြီး အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- (၆) ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက်(၂၇)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (၇) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း(Removal)များ လျှောက်ထားခွင့်မရှိပါ။

၃။ (က) တရားရေးဝန်ထမ်းအဆင့်(၄) (ဒုတိယမြို့နယ်တရားသူကြီးအဆင့်) လျှောက်ထားသူသည် ရေးဖြေစာမေးပွဲဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ်(၄)ခုကို ဖြေဆိုရမည်–
- မြန်မာစာ
- အင်္ဂလိပ်စာ
- အထွေထွေဗဟုသုတ
- ဥပဒေဘာသာရပ်

(၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ အထူးနှင့်အထွေထွေဥပဒေ၊ တရားမကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေ)

(ခ) e-Government ဌာန၊ ဒုတိယဦးစီးမှူးရာထူး လျှောက်ထားသူသည် ရေးဖြေစာမေးပွဲဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ်(၄)ခုကို ဖြေဆိုရမည်–
- မြန်မာစာ
- အင်္ဂလိပ်စာ
- အထွေထွေဗဟုသုတ
- နည်းပညာဘာသာရပ်

(ဂ) ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုမည်။

၄။ စာမေးပွဲဝင်ကြေး ၁၀၀၀ ကျပ်(ကျပ်တစ်ထောင်တိတိ)ကို မြို့နယ်များမှ လျှောက်ထားသူများသည် မိမိတို့မြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်(ရုံးခွဲ)များတွင် ဘဏ်ငွေလွှဲလက်မှတ်ပြုလုပ်၍ လက်ထောက်အထွေထွေမန်နေဂျာ၊ နေပြည်တော်ဘဏ် (အမ်ဒီ–၀၁၀၂၅၉)သို့ ပေးသွင်းရပါမည် သို့မဟုတ် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ် (အမ်ဒီ–၀၁၀၂၅၉)သို့လည်း ပေးသွင်းနိုင်ပါသည်။

၅။ လျှောက်လွှာတွင် လိပ်စာအပြည့်အစုံ (စာတိုက်အမည်ပါ) ဖော်ပြ၍ လျှောက်လွှာနှင့်အတူ –
- (က) ဝင်ကြေးငွေပေးသွင်းသည့် ငွေသွင်းပြေစာလက်ခံမူရင်း (သို့မဟုတ်) ချလန်မူရင်း
- (ခ) ပညာအရည်အချင်းလက်မှတ်မိတ္တူမှန်၊ (စစ်ဆေးသည့်အခါ မူရင်းတင်ပြနိုင်ရမည်)
- (ဂ) အမှတ်စာရင်းမိတ္တူမှန်၊
- (ဃ) အသက်အတွက် တက္ကသိုလ်ဝင်လက်မှတ် မိတ္တူမှန် (သို့မဟုတ်) အခြေခံပညာအထက်တန်းစာမေးပွဲ အောင်လက်မှတ်မိတ္တူမှန် (စစ်ဆေးသည့်အခါ မူရင်းတင်ပြနိုင်ရမည်)
